ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့၊ (11-3-2007) (၅၂၅၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး စစ်ကြောင်းကြီးများ၏ တပ်ပါစစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၀

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် (၆၂)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ (၆၂)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၅ နာရီခွဲတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်းသို့ သွားရောက်၍ (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ၏ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင် ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကြီး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဇော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးစံဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းလွင် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဆင့် ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးနေဝင်း ဦးဆောင်သည့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များက တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း လေ့ကျင့်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများအားတွေ့ဆုံ၍ စစ်ရေးပြအဆင့်အတန်းမြင့်မားရေး၊ စည်းကမ်းစနစ်တကျရှိရေး၊ စစ်သည်များ၏ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးအတွက် ဂရုပြုစီစဉ်ဆောင်ရွက်ပေးရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ၏ တပ်ပါစစ်ရေးပြ လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ဆောင်းပါး အညွှန်း

စင်စစ် ကမ္ဘာ့ခရစ်ယာန် စည်းလုံးညီညွတ်ရေးအဖွဲ့ (C.S.W)၏ အစီရင်ခံစာကြေညာချက်သည် ဘာသာရေးကို အကြောင်းပြခုတုံးလုပ်ပြီး မဟုတ်မမှန် ဖန်တီးလုပ်ကြံစွပ်စွဲမှုများဖြင့် နိုင်ငံရေးအရ အမြတ်ထုတ် အသုံးချခြင်းသာဖြစ်သည်။

ကျော်စိုး(မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်)၏ **"ဆိုရေးရှိလာ ဆိုအပ်စွာ"** (ဆောင်းပါး) စာမျက်နှာ–၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၁-၃-၂၀၀၇
(တနင်္ဂနွေနေ့)

ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း

မြန်မာနိုင်ငံရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် လူသားတစ်နွယ်တည်းက ဆင်းသက်လာခဲ့ကြသူများ ဖြစ်သည်။ ရေမြေပထဝီအနေအထားအရ နေထိုင်ရာ နယ်မြေဒေသအလိုက် ဝတ်စားဆင်ယင်မှုနှင့် ဘာသာစကား ပြောဆိုမှု အနည်းငယ်သာ ကွာခြားသော်လည်း တိုင်းရင်းသားလူမျိုးများ၏ စရိုက်လက္ခဏာများမှာ တူညီကြသည်။

မြန်မာတို့သည် ရှေးနှစ်သန်းပေါင်း ၄၀ ခန့်ကတည်းက ရှိခဲ့သော လူသားမျိုးနွယ်များဖြစ်ကြောင်း ပုံတောင်ပုံညာဒေသမှ ရှာဖွေတွေ့ရှိခဲ့သည့် ပရိုင်းမိတ် အထောက်အထားများအရ ခိုင်ခိုင်လုံလုံ သိရှိရသည်။

ထို့အပြင် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများ၊ ရှေးဟောင်း အဆောက်အအုံလက်ရာများ၊ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ တူးဖော်ရှာဖွေတွေ့ရှိခြင်းများသည် မြန်မာတို့၏ ယဉ်ကျေးမှုသမိုင်းအစဉ်အလာ ကြီးမားမှုကို ဖော်ညွှန်းလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်၏ တိုးတက်ပြောင်းလဲမှုများနှင့်အညီ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထား ဖော်ဆောင်လျက်ရှိသည်။ ရှေးဟောင်းအဆောက်အအုံများ၊ စေတီပုထိုးများ၊ နန်းတော်နေရာများ၊ မြို့ရိုးများကို တူးဖော် သုတေသနပြုလျက်ရှိသည့်အပြင် တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်းများကိုလည်း စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

မိမိတို့နိုင်ငံနှင့် လူမျိုး၏ ဘိုးဘွားအမွေအနှစ် ယဉ်ကျေးမှုဆိုင်ရာများကို စနစ်တကျ ဖော်ထုတ်ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် သမိုင်းအထောက်အထား ခိုင်မာမှုကို သိရှိနိုင်သည့်အပြင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်သန်ရေးကိုလည်း များစွာအကျိုးပြုနိုင်မည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ဓနအင်အားကြီးမားသောနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများအား ယဉ်ကျေးမှုမျက်နှာစာမှ မတူညီသည့် လူနေမှုဓလေ့စရိုက်များ ထိုးဖောက်ဝင်ရောက်၍ လူမျိုးတစ်မျိုး၏ အခြေခံစိတ်ဓာတ် ယိမ်းယိုင်သွားစေရန် ဖန်တီးလုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။ ယင်းသို့သော အခြေအနေ အချိန်အခါတွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှုကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

နှစ်ဖက်မိဘများအား ရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၃(ခ)၊ ငွေကြာရုံရိပ်သာ စည်ပင်သာယာလမ်းနေ ဦးအောင်ကြည်-ဒေါ်ခင်ခင်မ သားသမီးမြေးတစ်စုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် ငွေကျပ်ခုနစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ္ဍာနှစ်သစ်တွင် ဆောင်ရွက်သင့်သောအစီအမံများကို ကြိုတင်ပြင်ဆင် နိုင်ငံတော်အပေါ်တာဝန်သိသိ၊ သစ္စာရှိရှိ အလုပ်အကျွေးပြုရန်လို

နေပြည်တော် မတ် ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။(အောက်ပုံ)

အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်/တိုင်းဘဏ်ခွဲ မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်နယ်/တိုင်း/ခရိုင်ဘဏ်ခွဲမန်နေဂျာများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ တင်ပြကြရာ ဝန်ကြီးက ဌာန၏ ရည်မှန်းချက် တာဝန်များ ပြည့်ဝမှန်ကန်စွာ ပြည့်မီစေရေး ဆောင်ရွက်ရင်း ဒေသဖွံ့ဖြိုးရေး ဝိုင်းဝန်းကြိုးပမ်းကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးက အမှာစကား ပြောကြားရာတွင် အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ်ညှိနှိုင်းမှုများပြုလုပ်ပြီး ဘဏ္ဍာနှစ်သစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားသင့်သော လုပ်ငန်းများ၊ အစီအမံများကို ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရန်လိုကြောင်း၊ ဝန်ထမ်းများအားလုံး နိုင်ငံတော်အကျိုး၊ ဌာနအကျိုးအတွက် ကြိုးပမ်းလုပ်ဆောင်ကြရန်လိုကြောင်း၊ မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် မြန်ဆန်ချောမွေ့စေမှု၊ စေတနာအရင်းခံပြီး ချိုသာပြေပြစ်သော ဆက်ဆံရေး၊ ထိရောက် ထက်မြက်သည့် လုပ်ငန်းဆောင်ရွက်မှုများဖြင့် နိုင်ငံတော်အပေါ် တာဝန်သိသိသစ္စာရှိရှိ အလုပ်အကျွေး ပြုသွားကြရန် လိုအပ်ကြောင်း အကျယ်တဝင့် မှာကြားသွားသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ပြည်နယ်/တိုင်း/ခရိုင် ဘဏ်ခွဲမန်နေဂျာများက မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုကိစ္စရပ်များကို ဆက်လက် ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၆ရက်မှ ၉ ရက်အထိ နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ ဒုတိယ အထွေထွေမန်နေဂျာများ၊ ပြည်နယ်/တိုင်း/ခရိုင် ဘဏ်ခွဲမန်နေဂျာများသည် မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကလေးသူငယ်အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်ရေး သင်တန်းဖွင့်

ရန်ကုန် မတ် ၁၀

ယူနီဆက်ဖ်နှင့် ဝိုင်အမ်ဘီအေအသင်းတို့ပူးပေါင်းဖွင့်လှစ်သောကလေးသူငယ် အခွင့်အရေးများနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး သင်တန်းကို မတ် ၇ ရက် နံနက်၉နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ဖွင့်လှစ်ရာ ဝိုင်အမ်ဘီအေ အသင်းဥက္ကဋ္ဌဦးဗိုလ်နီနှင့်တာဝန်ရှိသူများကအမှာစကားပြောကြားကြသည်။

သင်တန်းတွင် ကလေးသူငယ်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ သင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းကာလသုံးရက်ဖြစ်၍သင်တန်းသား ၂၅ ဦး တက်ရောက်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၆၂) နှစ်မြောက် တပ်မတော် နေ့ ကို ကြိုဆို ဂုဏ်ပြုသော အား ဖြင့် မတ် ၉ ရက်က လှိုင်မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့မှ မော်ကွန်းဝင် ပုဂ္ဂိုလ်၁၂ဦးတို့အား တစ်ဦးလျှင် ကျပ် တစ်သောင်းနှုန်းဖြင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးတင်မြင့်(ငြိမ်း)နှင့် အမှုဆောင်အဖွဲ့ ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

လက်ခံ

ဒေါ်တင်တင်ဦးအား ရည်စူး၍ ကမာရွတ်မြို့နယ် (၈)ရပ်ကွက် သီရိမင်္ဂလာလမ်းနေ ဦးရွှေထွန်းအောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး ပဒေသာပင် ငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဦးလှရွှေ လက်ခံယူစဉ်။

(က-ပ)

မော်လမြိုင်မြို့ နိမ္မလသာသနာ နုဂ္ဂဟကာရီ သိမ်တော်ကြီး ရေစက်ချအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၀

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက်ပရိဝုဏ်၌ ငွေကျပ်သိန်း ၄၀၀ ကျော်တန် နိမ္မလသာသနာ နုဂ္ဂဟကာရီသိမ်တော်ကြီး ရေစက်ချအခမ်းအနားကို မတ် ၂ ရက်တွင် ယင်းကျောင်းတိုက်၌ကျင်းပရာ မော်လမြိုင်မြို့ သာသနာ့မာန်အောင် ဝဲပုံ့စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇယာဘိဝံသ၊ မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိမလတို့ အမှူးပြုသော ဆရာတော်များ၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနှင့် ပြည်နယ်/ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မတည်အလှူရှင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်း မြစ်ကမ်းသာအိမ်ရာနေ ဦးကြည်-ဒေါ်မြင့် မိသားစုနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ပရိသတ်တို့က တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်အပါး ၂၀၀ကျော်တို့အား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း **(ဇနီး)** နှင့် တာဝန်ရှိသူတို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုတ္တမကမ်းလွန်လုပ်ကွက် M-1တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၁၀

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဗြိတိသျှဗားဂျင်းကျွန်း၌ ဖွဲ့စည်းတည်ထောင်ထားသော Rimbunan Petrogas Limited နှင့် စင်ကာပူနိုင်ငံ၌ ဖွဲ့စည်းတည်ထောင်ထားသော UNOG Pte. Ltd တို့သည် မုတ္တမကမ်းလွန်ဒေသ လုပ်ကွက် M-1 ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract) ကို ယမန်နေ့တွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato Shaharuddin Bin Mohd Som ၊ Rimbunan Petrogas Limited ၏ Executive Chairman, Tan Sri Datuk Tiong Hiew King၊ UNOG Pte. Ltd ၏ Managing Director ဦးဝင်းကြိုင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကားပြောကြားပြီး Rimbunan Petrogas Limited ၏ Chief Executive Officer Mr. Andrew Ngu Hew Tak နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်တို့က နှုတ်ခွန်းဆက်စကား အသီးသီး ပြောကြားကြသည်။

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ Rimbunan Petrogas Limited ၏ Executive Chairman, Tan Sri Datuk Tiong Hiew King ၊ UNOG Pte. Ltd ၏ Managing Director ဦးဝင်းကြိုင်နှင့် အသိသက်သေများအဖြစ် စွမ်းအင်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ Rimbunan Petrogas Limited ၏ Executive Director Mr. Tiong Hock Chai၊ UNOG Pte. Ltd ၏ Deputy Managing Director ဦးသန်းဝင်းဆွေတို့က လက်မှတ်ရေးထိုးကြကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင် ခွင့်ပြုမိန့်ကို ပေးအပ်ရာ Rimbunan Petrogas Limited ၏ Executive Chairman, Tan Sri Datuk Tiong Hiew King က လည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို ပေးအပ်ရာ Rimbunan Petrogas Limited ၏ Executive Chairman, Tan Sri Datuk Tiong Hiew King က လည်းကောင်း လက်ခံကြသည်။

အကျိုးတူပူးပေါင်း

ယင်းလက်မှတ်ရေးထိုး ချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်သည် မုတ္တမကမ်းလွန်ဒေသ လုပ်ကွက် M-1 အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးအခြေခံဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုတ္တမကမ်းလွန်ဒေသ လုပ်ကွက် M-1တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုးပွဲတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

စိန်ရတုမွေးနေ့ပူဇာမင်္ဂလာ ကျင်းပမည်

ရန်ကုန် မတ် ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် ဓမ္မရိပ်သာလမ်း တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာန မဟာနာယက၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ရန်ကုန်တိုင်း ဘုန်းတော်ကြီးကျောင်းများ ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရမဟာထေရ်၏ သက်တော်(၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့ပူဇာမင်္ဂလာကို မတ် ၁၇ရက်(စနေနေ့)တွင် ကျင်းပပူဇော်မည်ဖြစ်ပါသောကြောင့် ဖုန်း-၆၃၅၀၂၇၊ ၆၃၅၄၂၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကျောက်စိမ်းအတွဲများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၀

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပလျက်ရှိသော ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကျော်ကျော်ထွန်းနှင့် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမရှိ လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်းကောင်း၊ ခန်းမအပေါ်ထပ်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်နှင့် ကျောက်စိမ်းအထည်ကျောက် အရိုင်းတုံးများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ခန်းမအတွင်း တင်ဒါအဆိုပြုလွှာများ ဖြည့်သွင်းနေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပုလဲအတွဲပေါင်း ၉၇ တွဲ ရောင်းချရ

ရန်ကုန် မတ် ၁၀

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ မတ် ၈ ရက်မှ ယနေ့ညနေပိုင်းအထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမ၌ ပုလဲအတွဲပေါင်း ၃၁၀ တွဲကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချခဲ့ရာ ပုလဲအတွဲပေါင်း ၉၇တွဲကို ပြည်ပရတနာကုန်သည်များက ဝယ်ယူသွားကြသည်။

ကျောက်မျက်အတွဲပေါင်း ၃၈၀ တွဲကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် မတ် ၁၂ရက်တွင် မြန်မာ့ကျောက်မျက်ရတနာဈေးပြိုင်ခန်းမ၌ ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

ကြည့်ရှုလေ့လာ

မတ် ၈ ရက်မှ မတ် ၂၀ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲပေါင်း ၅၈၅၈ တွဲကို ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များသည် မိမိတို့ဝယ်ယူလိုသော ကျောက်စိမ်းအတွဲများကို စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြပြီး တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသို့ ပြည်တွင်းမှ ရတနာကုန်သည် ၁၂၁၄ဦးနှင့် ပြည်ပမှ ရတနာကုန်သည် ၁၈၆၃ဦး စုစုပေါင်း ရတနာကုန်သည် ၃၀၇၇ ဦးတို့ ယနေ့ညနေပိုင်းအထိ ရောက်ရှိနေကြပြီး ပြည်ပမှ ရတနာကုန်သည်များသည် မတ် ၁၂ရက်အထိ ဆက်လက် ရောက်ရှိကြမည်ဖြစ်သည်။ (သတင်းစဉ်)

စင်ကာပူနိုင်ငံ စန်တိုဆာကျွန်း အပန်းဖြေစခန်းတစ်နေရာကို မတ် ၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာကြီးပူနွေးမှုအကျိုးဆက် မျှော်လင့်သည်ထက် ပိုမိုဆိုးရွား

ရီယိုဒီဂျနေးရိုး မတ် ၉

ကမ္ဘာကြီးပူနွေးမှုဆိုင်ရာ အကျိုးဆက်များသည် မျှော်လင့်ထားသည်ထက် ပိုမိုဆိုးရွားနေသည်ဟု ကုလသမဂ္ဂက မေလအတွင်း ထုတ်ပြန်မည့် ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်သည့် အစီရင်ခံစာတွင် ဖော်ပြထားကြောင်း ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်အစီအစဉ် (ယူအင်န်အီးပီ)မှ အမှုဆောင်ညွှန်ကြားရေးမှူး အာချင်စတိန်းနားက ကြာသပတေးနေ့တွင် ပြောကြားသည်။ စတိန်းနားသည် ဘရာဇီးနိုင်ငံသို့ ရောက်ရှိနေစဉ် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

လိုအပ်

ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့သက်ရောက်မှု အကျိုးဆက်များအပေါ် တုံ့ပြန်နိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံများအားလုံးတညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ဟု ၎င်းက ပြောကြားသည်။

ဆွေးနွေး

စတိန်းနားသည် ဘရာဇီးသမ္မတဆီလ်ဗာ၊ သဘာဝပတ်ဝန်းကျင်ဝန်ကြီး မာရီနာဆီလ်ဗာနှင့် နိုင်ငံခြား ဆက်ဆံရေးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ပြီး သစ်တောပြုန်းတီးမှု တိုက်ဖျက်ရေးအစီအစဉ်၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဘရာဇီးအစိုးရက သစ်တောပြုန်းတီးမှုလျော့ပါးရေး ကြိုးပမ်းနေမှုကို ၎င်းက ချီးမွမ်းသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိသျှမရိန်းတပ်ဖွဲ့ဝင်တစ်ဦး အာဖဂန်နစ္စတန်တွင် သေဆုံး

လန်ဒန် မတ် ၉

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် တိုက်ခိုက်ခံရမှုကြောင့် ဗြိတိသျှမရိန်း တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဟဲလ်မန်းပြည်နယ် ကာဂျာကီဒေသတွင် စစ်ဆင်ရေး တာဝန်ထမ်းဆောင်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

- တိုက်ခိုက် -

ဟဲလ်မန်းပြည်နယ်၏ တောင်ဘက်ဒေသတွင် နေတိုးတပ်ဖွဲ့ဝင်များက တာလီဘန် ပြောက်ကျားများနှင့် မူးယစ်ဆေးဝါး လုပ်ကိုင်သူများကို ချေမှုန်းမှုများ ပြုလုပ်နေချိန်အတွင်း ဗြိတိသျှတပ်ဖွဲ့ဝင်များ မကြာခဏ တိုက်ခိုက်ခံရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မလေးရှားလေဆိပ်တွင် မူးယစ်ဆေးဝါး ၂၅ကီလို ဖမ်းဆီးရမိ

ကွာလာလမ်ပူ မတ် ၉

မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အကောက်ခွန်အရာရှိများသည် မတ် ၈ ရက်က မူးယစ်ဆေးဝါး ၂၅ ကီလိုကို ဖမ်းဆီးရမိကြောင်း ဒေသခံသတင်းများက ဖော်ပြသည်။

ထိုဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၏ကာလတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၇၀၀၀၀ ဖိုးမျှ ရှိသည်ဟု ခန့်မှန်းသည်။ ယင်းပစ္စည်းများမှာ ကင်းဘတ်အိတ်များအတွင်းထည့်ထားပြီး လာယူမည့်သူမရှိဘဲ ဖြစ်နေသည်မှာ မတ် ၂ ရက်ကတည်းကဖြစ်သည်ဟု စတားသတင်းစာက ရေးသားသည်။ ဤဖမ်းမိသောကိစ္စသည် သီတင်းပတ် အနည်းငယ်အတွင်း တတိယအကြိမ် ဖမ်းမိသော မူးယစ်ဆေးဝါးမှုဖြစ်သည်။

ဖမ်းဆီးနိုင်

ဖေဖော်ဝါရီ ၁၄ ရက်နေ့ကလည်း အိန္ဒိယအမျိုးသားနှစ်ဦးထံမှ မူးယစ်ဆေးဝါး ၄၂ ကီလိုကို ဖမ်းဆီးနိုင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်၌ ၁၅နှစ်အတွင်း ပြစ်မှုကြီးများဖြစ်ပွားမှု အမြင့်ဆုံးဖြစ်

ပေကျင်း မတ် ၉

အမေရိကန်နိုင်ငံတွင် ၂၀၀၅ခုနှစ်အတွင်း ရာဇဝတ်မှုကြီးများ ကျူးလွန်မှုအခြေအနေသည် ယခင်နှစ်ကထက် ၂ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုများပြားသည်။ ၁၅နှစ်အတွင်း ပြစ်မှုဖြစ်ပွားမှု အမြင့်ဆုံးအခြေအနေဖြစ်သည်ဟု အမေရိကန်နိုင်ငံ၏ ၂၀၀၆ ခုနှစ် လူ့အခွင့်အရေးမှတ်တမ်းက ဖော်ပြသည်။

၃ ဒသမ ၇ ရာခိုင်နှုန်းပိုမိုများပြား

၂၀၀၅ ခုနှစ်တွင် အမေရိကန်၌ ပြစ်မှုကြီးပေါင်း ၅ ဒသမ ၂ သန်းဖြစ်ပွားခဲ့သည်ဟု စာရင်းအင်းများက ဖော်ပြသည်။ ၂၀၀၆ခုနှစ် ပထမခြောက်လပိုင်းတွင် နိုင်ငံတစ်ဝန်း၌ လူသတ်မှု၊ ဓားပြမှုနှင့် ပြစ်မှုကြီးများဖြစ်ပွားမှု အခြေအနေသည် ယခင်နှစ်အလားတူအချိန်ကထက် ၃ဒသမ ၇ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း ပြည်ထောင်စုထောက်လှမ်းရေးဗျူရို(အက်ဖ်ဘီအိုင်)က ဖော်ပြသည်။

လူသတ်မှုများပြား

လူဦးရေ၀ါးသိန်းမှ တစ်သန်းအထိရှိသော မြို့ကြီးများ၌ ဖြစ်ပွားသောလူသတ်မှု အခြေအနေသည် ၂၀၀၅ ခုနှစ်ကထက် ၈ ဒသမ ၄ ရာခိုင်နှုန်း ပိုမိုများပြားနေကြောင်း တွေ့ရသည်။ စာရင်းအင်းများအရ ဘော်စတွန်မြို့၊ မင်ဖစ်မြို့နှင့် ဆင်ဝင်နတီမြို့တို့၌ လူသတ်မှုများထူပြောကြောင်းသိရသည်။

ဇန်နဝါရီ ၁ရက်မှ ဒီဇင်ဘာ ၁၀ရက်အထိကာလအတွင်း ဖီလာဒဲလ်ဖီးယားမြို့တွင် လူသတ်မှုပေါင်း ၃၈၄မှု ဖြစ်ပွားခဲ့သည်။ နယူးအော်လန်တွင် ၁၄၇မှု၊ ဖလော်ရီတာတွင် ၄၂ မှု အသီးသီးဖြစ်ပွားကြောင်း သိရသည်။

ညမထွက်ရအမိန့်

ဝါရှင်တန်မြို့တွင် ဇူလိုင်လအတွင်းက ၁၃ ရက်အတွင်း လူသတ်မှု ၁၁ မှု ဖြစ်ပွားခဲ့ပြီးနောက် လူငယ်များကို ညမထွက်ရအမိန့် ထုတ်ပြန်ထားခဲ့ရသည်။

၂၀၀၆ခုနှစ်တွင် မွန်ဂိုမာရီခရိုင်တွင် ဘဏ်ဓားပြမှု ၃၅ မှုပေါ်ပေါက်ခဲ့သည်ဟု ဖော်ပြထားသည်။။

အင်တာနက်။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ



ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်မှ ရိုဘော့စက်ရုပ်ကျွမ်းကျင်သူ ပညာရှင် ပါမောက္ခ ဟီရို့စ်အား ၎င်းတီထွင်ထားသော စက်ရုပ်များနှင့်အတူ မတ် ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းထောင် စီးနင်းတိုက်ခိုက်ခံရ

မိုဆူးလ် (အီရတ်) မတ် ၉

အီရတ်နိုင်ငံ မြောက်ပိုင်း မိုဆူးလ်မြို့ရှိ အကျဉ်းထောင်ကို မတ် ၆ ရက်က ခုခံတိုက်ခိုက်ရေးသမားများက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အကျဉ်းသား ၁၄၀ခန့် လွတ်မြောက်သွားကြောင်း၊ ၂၀၀၃ခုနှစ်တွင် အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်သော တပ်ဖွဲ့က ကျူးကျော် တိုက်ခိုက်ခဲ့ချိန်နောက်ပိုင်း အကြီးကျယ်ဆုံးသောဖြစ်ရပ်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မိုဆူးလ်မြို့ အနောက်မြောက်ဘက်ရှိ ဘာဒို့ချ်ထောင်ကို နေဝင်ရီတရောအချိန်၌ အင်အား ၃၀၀ ခန့်က စီးနင်းတိုက်ခိုက်ခဲ့ကြောင်း၊ အီရတ်ရဲတပ်ဖွဲ့က အမေရိကန်တပ်ဖွဲ့အား အကူအညီ တောင်းခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အကျဉ်းသမားအများစုမှာ အမေရိကန်တပ်ဖွဲ့အား ခုခံတိုက်ခိုက်ခဲ့သူများဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ သေနတ်သမားများနှင့် ရဲတပ်ဖွဲ့များ တိုက်ခိုက်မှုဖြစ်ပွားခြင်း ရှိ၊ မရှိ မသိရပေ။

အမ်အင်အေ၊ရိုက်တာ။

နယ်သာလန် ပုံနှိပ်လုပ်ငန်းကုမ္ပဏီ တရုတ်၌ ရင်းနှီးမြှုပ်နှံမည်

မြူးနစ် မတ် ၉

နယ်သာလန်နိုင်ငံမှ အထင်ကရပုံနှိပ်လုပ်ငန်းကုမ္ပဏီဖြစ်သည့် အိုစီကုမ္ပဏီသည် တရုတ်နိုင်ငံဈေးကွက်အတွင်းသို့ ဝင်ရောက်နိုင်ရန် တရုတ်ကုမ္ပဏီ တစ်ခုနှင့် အစုစပ်လုပ်ကိုင်ရန် စာချုပ်များကို လက်မှတ်ရေးထိုးလိုက်ကြောင်း ကြာသပတေးနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အိုစီကုမ္ပဏီက တရုတ်နိုင်ငံမှ ဖောင်ဒါအုပ်စုနှင့် အစုစပ်လုပ်ငန်း လုပ်ကိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ အစုစပ်ပုံနှိပ်လုပ်ငန်းဆောင်ရွက်မည့် စာချုပ်ကို ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ကျင်းပနေသည့် ဒီဂျစ်တယ် ပုံနှိပ်လုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲကျင်းပချိန်အတွင်း လက်မှတ်ရေးထိုးလိုက်ကြသည်။

စာချုပ်အရ အိုစီ၏ ဒီဂျစ်တယ်ပုံနှိပ်စနစ်များနှင့် ဂရပ်ဖစ်လုပ်ငန်းသုံး စက်ကိရိယာများကို တရုတ်ဈေးကွက်သို့ ရောင်းချမည်ဖြစ်သည်။

တရုတ်နိုင်ငံတွင် အော့ဖ်ဆက်ပုံနှိပ်နည်းပညာကို ၉၈ရာနှုန်းနှင့် ဒီဂျစ်တယ်ပုံနှိပ်နည်းပညာကို နှစ်ရာနှုန်း အသုံးပြုလျက်ရှိသည်။ တရုတ်နိုင်ငံတွင် ဒီဂျစ်တယ် ပုံနှိပ်ထုတ်လုပ်မှု လုပ်ငန်းသည် ၂၀၁၅ခုနှစ်ထက် နောက်မကျဘဲ နှစ်အလိုက် ၁၇ ဒသမ၅မှ ၂၀ရာနှုန်းအထိ တိုးတက်နိုင်သည်ဟု အိုစီက ခန့်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် ဆီးနှင်းများ ထူထပ်စွာ ကျနေသည်ကို မတ် ၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၁၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့နံနက် ၁၁ နာရီခွဲတွင် မန္တလေးတိုင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၃၅)လမ်းရှိ မဟာနွယ်စဉ်အားကစားကွင်း၌ ကျင်းပလျက်ရှိသော အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်သို့ရောက်ရှိပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာနက ထုတ်လုပ်ရောင်းချလျက်ရှိသော ရောင်းကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် တာဝန်ရှိသူတို့အားမှာကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း အမရပူရမြို့နယ် လိပ်ဆံခွန်ကျေးရွာရှိ ရွှေသိမ်တော်ကျောင်းတိုက် ဆရာတော် ဦးပုညအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ဒေါ်တင်မြိုင် မိသားစု ရိုးရာရက်ကန်းအလုပ်ရုံသို့ရောက်ရှိပြီး ရက်ကန်းရက်လုပ်မှုလုပ်ငန်းအဆင့်ဆင့်နှင့် ရက်လုပ်ပြီး အထည်များကို အားပေးကြည့်ရှု၍ မြန်မာ့ရိုးရာ ရက်ကန်းလုပ်ငန်းအား ရှေးရိုးအစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် မန္တလေးတိုင်း အမရပူရမြို့နယ် လိပ်ဆံခွန်ကျေးရွာ ပြည်သူလူထုနှင့်တွေ့ဆုံရာ ကျေးရွာလူထုကိုယ်စား ကျေးရွာဥက္ကဋ္ဌ ဦးထွန်းထွန်းလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ရက်ကန်းလုပ်ငန်းရက်လုပ်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လိပ်ဆံခွန်ကျေးရွာသည် မြန်မာ့ရိုးရာအစဉ်အလာမပျက် ရက်ကန်းလုပ်ငန်းအား လုပ်ကိုင်နေခြင်းကို ဝမ်းသာဂုဏ်ယူမိကြောင်း၊ အမျိုးသားယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းလုပ်ကိုင်သွားကြရန်နှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးမှု အခြေအနေအရပ်ရပ်ကိုလည်း ကူညီအားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်ချီးမြှင့်

ထိုမှတစ်ဆင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့သည် ယမန်နေ့မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မန္တလေးမန်းမြို့ ဈေးသူဈေးသားများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မန်းမြို့ဈေးသူဈေးသားများကိုယ်စား ဈေးတာဝန်ခံ ဦးစိုးငြိမ်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆိုပြုလွှာ စုစုပေါင်းစောင်ရေ ၅၀၀ ကို ပေးအပ်ရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လက်ခံရယူသည်။

ယင်းနောက် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အသင်းကြီး၏ မွန်မြတ်သန့်စင်ပြီး စေတနာထား ဆောင်ရွက်နေမှုအခြေအနေများနှင့် အသင်းဝင်များဖြစ်လာသည်နှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဦးစီးဦးဆောင် ဆောင်ရွက်ကြရန်နှင့် အမျိုးသားရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက အသင်းဝင်များ အနေဖြင့် ခံယူချက် ယုံကြည်ချက်ပြည့်ဝစွာဖြင့် အမျိုးသားရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်သွားကြရန်၊ အထူးသဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ်အား အကောင်အထည်ဖော်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ဆောင်ရွက်သွားကြရန်၊ အရည်အချင်းအရည်အသွေးပြည့်ဝသော အသင်းဝင်များအဖြစ် လေ့ကျင့်ပျိုးထောင်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် အလှူငွေကျပ်တစ်သိန်းကို ဈေးသူဈေးသားများကိုယ်စား ဦးအောင်သိန်းဝင်းက ပေးအပ်ရာ မဟာအောင်မြေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးစိုးထွန်းက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရက်ကန်းအလုပ်ရုံ ကြည့်ရှု



ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် အဖွဲ့ဝင်များ ဒေါ်တင်မြိုင်မိသားစု ရိုးရာရက်ကန်းအလုပ်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

စက်ရုံနှင့်မော်တော်ယာဉ်ဌာန မီးဘေးကြိုတင်ကာကွယ်ရေး ပြုလုပ်

ရန်ကုန် မတ် ၁၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ စီစဉ်မှုဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းရှိ စက်ရုံနှင့်မော်တော်ယာဉ်ဌာနဝင်းအတွင်း၌ မတ် ၁ ရက်မှစ၍ နွေရာသီ၏အပူရှိန်သက်သာစေရန် မီးဘေးကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြသည်။

စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဝင်းအတွင်း၌ စက်သုံးဆီ သိုလှောင်ကန်များ၊ မော်တော်ယာဉ်များ ထားသိုရာ အဆောက်အအုံများ၊ ယာဉ်များပြင်ဆင်သည့် အဆောက်အအုံများ၊ လျှပ်စစ်အသုံးပြုသည့် အကြီးစားစက်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် အဆောက်အအုံများရှိရာ မြို့တော်ဝန်၏ စီစဉ်မှုနှင့်အညီ ဌာနမှူး ဦးမင်းလွင်၊ ဒုတိယဌာနမှူး ဦးညီစိန်နှင့် ဦးအောင်ခင်ဇံတို့၏ ကြီးကြပ်မှုဖြင့် ဝင်းအတွင်းရှိ အဆောက်အအုံများအား မတ် ၁ ရက်မှ စတင်၍ နေ့စဉ် နံနက် ၁၁ နာရီမှ မွန်းလွဲ ၂ နာရီအထိ တစ်နေ့ နှစ်ကြိမ် အပူရှိန်ကာကွယ်ရန် ရေများ ပက်ဖျန်းကြကြောင်း သိရသည်။ **(အောက်ပုံ)**

(၁၉)

အင်တာနက်ကျန်းမာရေးသတင်း

တန်ဝက်အလေးချိန်ရှိသူ မက္ကဆီကိုနိုင်ငံမှ လူဝကြီး အိမ်အပြင်သို့ ထွက်နိုင်ပြီ

ပေကျင်း မတ် ၁၀

မက္ကဆီကိုနိုင်ငံမှ မင်နယူရယ်အူရီဘီဆိုသူသည် ကိုယ်အလေးချိန် တန်ဝက်ခန့်ရှိသည့် လူဝကြီးဖြစ်သည်။ ၎င်းသည် အိမ်အပြင်သို့မထွက်နိုင်သည်မှာ ငါးနှစ်မျှရှိနေပြီးမှ မတ် ၇ ရက်တွင် အိမ်အပြင်သို့ ပထမဆုံးအကြိမ် ထွက်လာနိုင်သည်။

၎င်းသည် ကိုယ်အလေးချိန်လျော့ကျသွားစေရန် အချိန်တစ်နှစ်ကျော်ကတည်းကစ၍ ကြိုးစားခဲ့သည်။ ပရိုတိန်းဓာတ်မြင့်မားစွာ ပါဝင်သော ဓာတ်စာကိုစားသုံးနေခြင်းဖြစ်သည်။ ထိုသို့ စားသုံးမှုကြောင့် အသက်(၄၁)နှစ်ရှိပြီဖြစ်သော အူရီဘီသည် ကိုယ်အလေးချိန်၃၉၅ပေါင်လျော့ကျသွားသည်ဟုဆိုသည်။ ယခင်က ၎င်း၏ကိုယ်အလေးချိန်မှာ ၁၂၃၅ ပေါင် ရှိနေရာမှ ယခုအခါ ပေါင် ၈၄၀ သို့ ကျသွားပြီဖြစ်သည်။

၎င်းသည်လူပျိုပေါက်အရွယ်ကတည်းက ကိုယ်အလေးချိန်ပေါင် ၂၅၀ ရှိခဲ့သည်။ ၁၉၉၂ခုနှစ်မှစ၍ ကိုယ်အလေးချိန်သည် တစ်ဟုန်ထိုးမြင့်တက်လာခဲ့သည်။ ၂၀၀၂ခုနှစ်မှစ၍ စားသောက်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများကို မိခင်နှင့်မိတ်ဆွေသားချင်းများကို အားကိုးခဲ့ရသည်။ ၎င်းသည် ကိုယ်အလေးချိန် ၂၆၅ ပေါင်အထိ ပြန်လည်ကျဆင်းသွားရန် ဓာတ်စာကိုသာ အားကိုး၍ စားသုံးသွားရန် ဆုံးဖြတ်ထားသည်ဟုဆိုသည်။

အင်တာနက်

ခန္ဓာကိုယ်အလေးချိန် တန်ဝက်ရှိသော မက္ကဆီကိုနိုင်ငံသားလူဝကြီး မင်နယူရယ် အူရီဘီကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တပ်မတော်နေ့ဂုဏ်ပြု (၆၁)ကြိမ်မြောက် သွေးလှူ

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ကြပ်ကြီးသိန်းထိုက် (လူမှုထူးချွန်တတိယဆင့်) (မိဘဂုဏ်ရည် သွေးလှူရှင်များအဖွဲ့) **(အပေါ်ပုံ)** သည် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မတ် ၅ရက်က ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် (၆၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၃-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -အဏ္ဏဝါချစ်သူ**
- **၁:၅၀** ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၁:၅၅** ၇။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၈။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၂၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၃၀** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၄၀** ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- **၄:၅၀** ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၇။ သံစဉ်များနှင့်ကမ္ဘာ
- **၆:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၉။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၀။ မိုးလေဝသသတင်း
- **၆:၂၅** ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၄၅** ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံစဉ်မဲ့မေတ္တာ" (အပိုင်း-၁၆)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **FA CUP** ဘောလုံးပွဲ **-BLACKBURN ROVERS Vs MANCHESTER CITY (Live)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

ဆိုရေးရှိလာ ဆိုအပ်စွာ

ကျော်စိုး
(မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်)

ယနေ့ကာလတွင် မြန်မာနိုင်ငံသည် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ တော်သစ်ကို တည်ဆောက်ရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ဦးဆောင်မှုကိုခံယူ၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက လူမျိုးမရွေး၊ ဘာသာမရွေး တစ်သွေးတည်း တစ်သားတည်းဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြသည်။ ထို့ကြောင့်ပင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များတွင် အခြေခံကောင်း၊ အလားအလာကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။ နိုင်ငံရေးနယ်ပယ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇) ဖွဲ့နှင့်အဖွဲ့ငယ်များစွာတို့သည် ငြိမ်းချမ်းရေး ရယူတည်ဆောက်ခဲ့ကြပြီး ဖြစ်သကဲ့သို့ စီးပွားရေးနယ်ပယ်တွင်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်တွင်းရှိ တိုင်းရင်းသားများ၏ ရင်းနှီးမြှုပ်နှံမှုများသည်လည်း အလားအလာကောင်းများ ရရှိလျက်ရှိသည်။ ထို့အတူပင် လူမှုရေးနယ်ပယ်တွင်လည်း ပညာရေး၊ ကျန်းမာရေးကဏ္ဍများ အပါအဝင် ယဉ်ကျေးမှု အနုပညာ စာပေနှင့် ဓလေ့စရိုက် ကိုးကွယ်မှု ဘာသာရေးကဏ္ဍများသည်လည်း တိုးတက်မြင့်မား ပွင့်လန်းလျက်ရှိနေသည်။

ယင်းအခြေအနေ အရပ်ရပ်များ၏ အကျိုးဆက်ရလဒ်အဖြစ် အမျိုးသားရေးပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးကို တည်ဆောက်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ မူဝါဒလမ်းစဉ်(၇)ရပ်၏အခြေခံဖြစ်သော ပထမအဆင့်အဖြစ် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပလျက်ရှိသည်။ အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏ အသက်ဝိညာဉ်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ညှိနှိုင်းဆွေးနွေး ချမှတ်လျက်ရှိရာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ အကောင်အထည်ဖော်ရန် လက်တစ်ကမ်းမျှသော ခရီးလမ်းအထိ ပေါက်မြောက် အောင်မြင်လာခဲ့ပြီးဖြစ်သည်။

ယင်းသို့ **နိုင်ငံတော်နှင့်ပြည်သူတို့၏ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာတော့မည်ကို မလိုလား မရှုဆိတ်နိုင်သော နယ်ချဲ့အုပ်စုနှင့် ယင်းတို့၏ လက်ပါးစေ ပြည်တွင်းပြည်ပ အဖျက်သမားများက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်များတွင် တစ်လျှောက်လုံး ဖိအားပေး နှောင့်ယှက်စွက်ဖက် ဟန့်တားပိတ်ဆို့လျက်ရှိသည်။ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာတိုင်းရင်းသား ပြည်သူများအကြား အထင်လွဲမှား သံသယပွားစေနိုင်သော လုပ်ကြံသတင်းများ၊ စွပ်စွဲပုတ်ခတ်မှုများနှင့် ကောလာဟလများကို ရည်ရွယ်ချက်ရှိရှိ စနစ်တကျ ဖန်တီးချဲ့ကားပုံဖော်ပြီး လှုံ့ဆော် သွေးထိုးလျက်ရှိသည်။**

မြန်မာနိုင်ငံအား မူးယစ်ဆေးဝါးထုတ်လုပ်သော နိုင်ငံဟူ၍လည်းကောင်း၊ AIDS နှင့် တီဘီ စသော ကူးစက်ရောဂါများ ပြန့်ပွားနေသော နိုင်ငံဟူ၍လည်းကောင်း၊ လူမျိုးရေး၊ ဘာသာရေးအရ ခွဲခြားအုပ်ချုပ်ဖိနှိပ်နေသော နိုင်ငံဟူ၍လည်းကောင်း အထောက်အထားမဲ့၊ အခြေအမြစ်မဲ့၊ ယုတ္တိမဲ့သတင်းများ၊ ကြေညာချက်များဖြင့် သိက္ခာမဲ့စွာ လုပ်ကြံပုတ်ခတ် စွပ်စွဲလျက်ရှိသည်။ ဤတွင် မြန်မာမှုဆိုထုံးစကားနှင့်အညီ ဆိုရေးရှိလာသဖြင့် ဆိုအပ်စွာသော စကားတို့ကို ဆိုရပါတော့မည်။

ယင်း ပုတ်ခတ်စွပ်စွဲမှုများအနက် လူမျိုးရေး၊ ဘာသာရေးအရ ခွဲခြားအုပ်ချုပ်ဖိနှိပ်သည်ဟူသော ပုတ်ခတ်စွပ်စွဲချက်နှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် တိုင်းရင်းသား လူမျိုးစုပေါင်း ၁၀၀ ကျော် စုပေါင်းနေထိုင်သော ပြည်ထောင်စု နိုင်ငံတော်ကြီးတွင် တိုင်းရင်းသားလူမျိုးစုများအားလုံးသည် ဘိုးဘွားစဉ်ဆက် ဉမကွဲ သိုက်မပျက် နေထိုင်လာခဲ့သည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြစ်ကြ၍ မရှိအတူရှိအတူ အေးအတူပူအမျှ အတူတကွခံစားနေထိုင်သွားကြမည်ဟူသော ပြည်ထောင်စုစိတ်ဓာတ်ကို အလေးအမြတ်ထားလျက် နိုင်ငံတော်ကို ဦးဆောင်စီမံခန့်ခွဲလျက်ရှိသည်။ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်ခဲ့ရာ ယနေ့ကာလတွင် အရှိန်အဟုန်မြင့်မားစွာ ဖြစ်ထွန်းလာခဲ့သည်။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုများကိုလည်းကောင်း၊ တိုင်းရင်းသားများ၏ တိုးတက်ခေတ်မီမြင့်မားလာသော လူမှုစီးပွားဘဝများကိုလည်ကောင်း၊ လက်တွေ့ပကတိအရှိတရားများအဖြစ် မျက်ဝါးထင်ထင် မြင်နေတွေ့နေရသကဲ့သို့ ကိုယ်စီကိုယ်င ခံစားနေကြရပြီလည်းဖြစ်သည်။

အလားတူပင် ကိုးကွယ်မှုဘာသာတရားအရလည်း ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာဟူသော ဘာသာရေးနယ်ပယ်များအလိုက် လွတ်လပ်ပွင့်လင်းစွာ ကိုးကွယ်ခွင့်ရရှိနေပြီးဖြစ်သည်။ နိုင်ငံအနှံ့ရှိနေသော ဗုဒ္ဓဘာသာဆိုင်ရာ သာသနိက အဆောက်အအုံများ ကိုလည်းကောင်း၊ အစ္စလာမ်ဘာသာအရ ကိုးကွယ် ဝတ်ပြုမှုအတွက် ဗလီဝတ်ကျောင်းများ၊ ဘာသာရေးဆိုင်ရာ စာသင်ကျောင်းများကိုလည်းကောင်း၊ ခရစ်ယာန်ဘာသာ ကိုးကွယ်မှုဆိုင်ရာ ဘုရားရှိခိုးကျောင်းများ၊ အသင်းတော်များကိုလည်းကောင်း၊ ဟိန္ဒူဘာသာ ကိုးကွယ်မှုဆိုင်ရာ ဘုရားကျောင်းများကိုလည်းကောင်း ပြည်နယ်နှင့်တိုင်း အသီးသီးတွင် နယ်စပ်ဒေသများအထိ လွတ်လပ်စွာ တည်ဆောက်ဖွင့်လှစ်ပြီး ကိုးကွယ်ခွင့်၊ ဝတ်ပြုခွင့်ရရှိပြီးဖြစ်ပါသည်။

စင်စစ်မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သော နိုင်ငံဖြစ်သည်။ နှစ်ပရိစ္ဆေဒကြာမြင့်စွာကပင် မြန်မာတိုင်းရင်းသား လူမျိုးပေါင်းစုံတို့သည် မိမိယုံကြည်ရာ ကိုးကွယ်ရာဘာသာကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရရှိပြီးဖြစ်သည်။ မြန်မာတိုင်းရင်းသားပြည်သူများသည် မိမိတို့၏ ယုံကြည်ကိုးကွယ်ရာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသကဲ့သို့ တစ်ဦး၏ ယုံကြည်ကိုးကွယ်မှုကို တစ်ဦးက လေးစားနားလည်စွာ အသိအမှတ်ပြုပြီး ထိပါးစော်ကားခြင်းမရှိကြဘဲ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားမှု နားလည်မှုရှိကြသည်။ တစ်နည်းအားဖြင့် လွတ်လပ်စွာ ယုံကြည်ခွင့်၊ ကိုးကွယ်ခွင့်သည် လူ့ဘောင်လူ့အဖွဲ့အစည်း၏ အခြေခံအကျဆုံးသော လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်။ မြန်မာတိုင်းရင်းသား ပြည်သူများသည် ယင်းအခြေခံလူ့အခွင့်အရေးကို ခေတ်အဆက်ဆက်မှသည် ယနေ့ထက်တိုင် ရရှိပြီးဖြစ်သည်။

သို့သော်လည်း မြန်မာနိုင်ငံ၏ ပကတိအရှိတရားဖြစ်သော ဘာသာရေးလွတ်လပ်ခွင့်ကို မျက်ကွယ်ပြုလျစ်လျူရှုပြီး ဘာသာရေးကို နိုင်ငံရေးလက်နက်အဖြစ် ခုတုံးလုပ်အသုံးချနေကြသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပြည်ပအင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်မရှိဘဲ ဖိနှိပ်ချုပ်ခြယ် ဟန့်တားနှောင့်ယှက်မှုများရှိသည်ဟူ၍လည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များသည် ဘာသာရေးလွတ်လပ်ခွင့်နှင့် အခြားလူ့အခွင့်အရေးအလွဲသုံးစားပြုမှုကို ရင်ဆိုင်ကြုံတွေ့နေရသည်ဟူ၍လည်းကောင်း ကျိုးကြောင်းဆီလျော်မှုမရှိသော ပုတ်ခတ်စွပ်စွဲမှုများဖြင့် ကြေညာချက်များထုတ်ပြန်ခဲ့ကြသည်။

ထို့အတူပင် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (C.S.W) ကလည်း မြန်မာနိုင်ငံရှိ ခရစ်ယာန်များ နှိပ်ကွပ်ခံရသည်ဟူသော အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာတွင် သာသနာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်ဟုဆိုသော မှတ်တမ်းတစ်ခုတွင် မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဖျက်ဆီးရေး အစီအစဉ်ဟု ခေါင်းစဉ်တပ်ထားသည်ဟူ၍လည်းကောင်း၊ ခရစ်ယာန်ဘာသာကိုးကွယ်သော အိမ်မရှိစေရဟူ၍ ရေးသားထားသည်ဟုလည်းကောင်း မဟုတ်မမှန် စွပ်စွဲထားပါသည်။ ယင်းအပြင် ကမ္ဘာ့ခရစ်ယာန် စည်းလုံးညီညွတ်ရေးအဖွဲ့ (C.S.W) က မြန်မာနိုင်ငံ၌ ဘာသာရေးလွတ်လပ်ခွင့် ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးခံရခြင်းအတွက် UN Special Rap-Protect For Freedom of Religion and Belief က စုံစမ်းစစ်ဆေးရန်ကို တိုက်တွန်းသည်ဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံ၌ ဘာသာရေးလွတ်လပ်မှု ဖောက်ဖျက်ခံရခြင်း၊ လူ့အခွင့်အရေးများကို ဖောက်ဖျက်နေခြင်းတို့ကို အရေးယူဆောင်ရွက်သွားရန်ဟူ၍လည်းကောင်း ဖော်ပြခဲ့ပြီး နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန်၊ နိုင်ငံတကာ လူသားချင်းစာနာမှုအဖွဲ့အားလုံး အဟန့်အတားမရှိသွားလာခွင့်ပြုရန်နှင့် NLD ၊ တိုင်းရင်းသားများနှင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲများပြုလုပ်ရန်ဟူ၍ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အထိ တောင်းဆိုထားပြီး တောင်းဆိုချက်များအပေါ် မဖြစ်မနေလိုက်နာရမည့် ဆုံးဖြတ်ချက်ချမှတ်ရေးအတွက် လုံခြုံရေးကောင်စီကို တိုက်တွန်းသည်ဟု ဖော်ပြကြေညာခဲ့သည်။

ယင်းအစီရင်ခံစာ ကြေညာချက်တွင် ဖော်ပြစွပ်စွဲထားချက်များမှာ လုံးဝမှန်ကန်မှုမရှိပေ။ လုံးဝရိုးသားမှုမရှိဘဲ မြန်မာနိုင်ငံအစိုးရကို ဘာသာရေးအကြောင်းပြချက်ဖြင့် လုပ်ကြံစွပ်စွဲပုတ်ခတ်ထားကြောင်း သိသာထင်ရှားလျက်ရှိသည်။ C.S.W ၏ စွပ်စွဲချက်ပါ သာသနာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်ဟုဆိုသော အကြောင်းရင်းခံ စာပိုဒ်အရပင် သေချာမှု၊ အတည်ပြုမှုမရှိဘဲ "ဆိုရသော"ဟု မရေမရာ မခိုင်မာသည့် အကြောင်းပြချက်ဖြစ်နေခြင်း၊ တစ်နည်းအားဖြင့် သူတစ်ပါးအပြောကို ကိုယ်တိုင်ထိတွေ့ရခြင်း၊ မြင်ရခြင်းမရှိဘဲ စွပ်စွဲပြောဆိုခြင်းသာဖြစ်သည်။ မလိုတမာလုပ်ကြံပုတ်ခတ်ပြီး အတင်းအဖျင်းပြောသည့် အဓိပ္ပာယ်ဆောင်နေပါသည်။

သာသနာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်ဟုဆိုသော မှတ်တမ်းတွင် မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဖျက်ဆီးရေး အစီအစဉ်ခေါင်းစဉ်တပ်ထားပြီး "ခရစ်ယာန်ကိုးကွယ်သော အိမ်မရှိစေရ"ဟူ၍ ဖော်ပြထားသည်ဟု စွပ်စွဲထားသည်ကို တွေ့ရှိရပါသည်။ ၎င်းစွပ်စွဲ ချက်မှာ ပကတိအရှိတရားနှင့် လုံးလုံးလျားလျား ဆန့်ကျင် ကွဲလွဲ လျက်ရှိနေပါသည်။ မြန်မာနိုင်ငံတွင် ခရစ်ယာန်ဘာသာရေးဆိုင်ရာ ဘုရားရှိခိုးကျောင်းများသည် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ မြို့ရွာများတွင် တည်ရှိနေသည့်အပြင် ခရစ်တော်၏ မွေးနေ့အခမ်းအနားများ၊ ခရစ္စမတ်ပွဲ တော်များကို လွတ်လပ်စွာ ကျင်းပလျက်ရှိနေကြသည်မှာလည်း အထင်အရှားပင်ဖြစ်သည်။ ခရစ္စမတ်ပွဲ တော်နေ့အခမ်းအနားများတွင် သာသနာရေးဝန်ကြီး အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များ ကိုယ်တိုင်တက်ရောက် အားပေးချီးမြှင့်လျက်ရှိသည်မှာ မြန်မာတိုင်းရင်းသား ခရစ်ယာန်ဘာသာဝင်များ ကိုယ်တိုင် မျက်ဝါးထင်ထင် ခံစားသိမြင်နေသည့် အမှန်တရား၊ အရှိတရားပင် ဖြစ်ပါသည်။

စင်စစ် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (C.S.W) ၏ အစီရင်ခံစာကြေညာချက်သည် ဘာသာရေးကို အကြောင်းပြခုတုံးလုပ်ပြီး မဟုတ်မမှန် ဖန်တီးလုပ်ကြံစွပ်စွဲမှုများဖြင့် နိုင်ငံရေးအရ အမြတ်ထုတ် အသုံးချခြင်းသာဖြစ်သည်။ ယင်းအစီရင်ခံစာ ကြေညာချက်တွင် ဘာသာရေးနှင့် မည်သို့မျှ နီးနွယ်ဆက်စပ်မှုမရှိသော၊ အမေရိကန်အစိုးရက လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအား အရေးယူရန် တင်သွင်းသော အဆိုမူကြမ်းပါ အကြောင်းပြချက်များနှင့် မြန်မာနိုင်ငံအစိုးရကို ဆန့်ကျင်နေကြသည့် ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များကိုပါ ထည့်သွင်းဖော်ပြတောင်းဆိုထားခြင်းကို ကြည့်လျှင် ဘာသာရေးကို နိုင်ငံရေးအရ အမြတ်ထုတ်ရန် လုပ်ကြံထားခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

ဤတွင် ပြည်ထောင်စုမြန်မာနိုင်ငံဖွား မြန်မာတိုင်းရင်းသား အစ္စလာမ်ဘာသာဝင်တစ်ဦးဖြစ်သော စာရေးသူအနေဖြင့် ဘာသာရေးအရလည်းကောင်း၊ လူ့အခွင့်အရေးအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရရှိပြီး မည်သည့် လူ့အခွင့်အရေးမျှ ချိုးဖောက်ခံရခြင်း၊ ဆုံးရှုံးခြင်းမရှိသည်ကို အကျဉ်းမျှ ရှင်းလင်းဖော်ပြလိုပါသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✧

စင်စစ် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (C.S.W) ၏ အစီရင်ခံစာကြေညာချက်သည် ဘာသာရေးကို အကြောင်းပြခုတုံးလုပ်ပြီး မဟုတ်မမှန် ဖန်တီးလုပ်ကြံစွပ်စွဲမှုများဖြင့် နိုင်ငံရေးအရ အမြတ်ထုတ် အသုံးချခြင်းသာဖြစ်။ ယင်းအစီရင်ခံစာ ကြေညာချက်တွင် ဘာသာရေးနှင့် မည်သို့မျှ နီးနွယ်ဆက်စပ်မှုမရှိသော၊ အမေရိကန်အစိုးရက လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအား အရေးယူရန်တင်သွင်းသော အဆိုမူကြမ်းပါ အကြောင်းပြချက်များနှင့် မြန်မာနိုင်ငံအစိုးရကို ဆန့်ကျင်နေကြသည့် ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များကိုပါ ထည့်သွင်းဖော်ပြတောင်းဆိုထားခြင်းကိုကြည့်လျှင် ဘာသာရေးကို နိုင်ငံရေးအရ အမြတ်ထုတ်ရန် လုပ်ကြံထားခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေ။

တပ်မတော်သားများ အားမာန်အပြည့်ဖြင့် စစ်ရေးပြနိုင်ရေး အဘက်ဘက်မှ လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်

နေပြည်တော် မတ် ၁၀

(၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ စစ်ရေးပြစုရပ်ကွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင်၊ စစ်ကြောင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီမံခန့်ခွဲရေးကော်မတီနှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ညှိနှိုင်းအစည်းအဝေးတွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အဖွင့်အမှာစကား ပြောကြားရာ၌ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီအနေဖြင့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအတွက် လိုအပ်သည်များကို ယခုညှိနှိုင်းအစည်းအဝေးတွင် တင်ပြကြရန်ဖြစ်ကြောင်း၊ စစ်ရေးပြကြမည့် တပ်မတော်သားများ အားမာန်အပြည့်ဖြင့် စစ်ရေးပြနိုင်ရေးအတွက် အဘက်ဘက်မှ လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း၊ အထူးသဖြင့် စခန်းအုပ်ချုပ်ရေးအဖွဲ့များက စစ်ရေးပြတပ်မတော်သားများ ကျန်းမာကြံ့ခိုင်ရေး၊ နေထိုင်စားသောက်ရေး၊ စစ်ရေးပြလေ့ကျင့်ရေး၊ စစ်ရေးပြစစ်သည်များ အပန်းပြေစေရေးအတွက် ဖျော်ဖြေရေးများတွင် အဆင်ပြေ ချောမွေ့စေရေးတို့အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စီမံခန့်ခွဲရေးကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ စီမံခန့်ခွဲ ရေးကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်အများစုမှာ ဆောင်ရွက်ပြီးဖြစ်သော်လည်း တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား ကျင်းပမည့်နေ့ရက်နီးကပ်လာသည်နှင့်အမျှ ဆောင်ရွက်ရန် ကျန်ရှိသည်များကို အမြန်ဆုံး ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

(၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ဆက်လက်၍ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ် ဇော်ဝင်းနှင့် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် မြင့်နောင်တို့က စစ်ရေးပြအဆင့်အတန်း မြင့်မားရေးအတွက် စစ်ရေးပြ လေ့ကျင့်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

လုပ်ငန်းဆိုင်ရာများ

ယင်းနောက် အကောင်းဆုံး စစ်ရေးပြ တပ်ခွဲရွေးချယ်ဆုချီးမြှင့်ရေးလုပ်ငန်းအဖွဲ့၊ စခန်းအုပ်ချုပ်ရေး လုပ်ငန်းအဖွဲ့၊ ကျန်းမာရေးနှင့် ဆေးအကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးကော်မတီ၊ လုံခြုံရေးကော်မတီ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းအဖွဲ့၊ ဧည့်ခံကျွေးမွေးရေး လုပ်ငန်းအဖွဲ့၊ တပ်မတော်နေ့လမ်းတစ်လျှောက် စာတန်းများ၊ ဆောင်ပုဒ်များပြင်ဆင်ရေးကော်မတီ၊ သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့၊ မုခ်ဦး တည်ဆောက်ရေးနှင့် ကွင်းပြင်ဆင်ရေး လုပ်ငန်းအဖွဲ့နှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်း အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲ ချေမှုန်းရေး။

၄။ ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

◇ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

မြန်မာတိုင်းရင်းသား အစ္စလာမ်ဘာသာဝင်များသည် ရှေးမြန်မာမင်းများလက်ထက်မှစ၍ မျက်မှောက်ခေတ်တိုင်အောင် တန်းတူညီမျှ ခံစားခွင့် အခွင့်အရေးများကို ရရှိပြီး၊ ရရှိနေသူများဖြစ်ကြပါသည်။ မင်းမှုထမ်းများ၊ အရာရှိ၊ အရာခံဝန်ထမ်းများ ခန့်ထားရာတွင်လည်း အရည်အချင်းအလျောက် ထိုက်တန်သော ရာထူးဌာနန္တရများ၊ တာဝန်များကို ချီးမြှင့်ပေးအပ်ခံစားခွင့်များရရှိခဲ့ကြပါသည်။ ရတနာပုံခေတ်တွင် မင်းတုန်းမင်းတရားကြီးသည် ဆော်ဒီအာရေဗျနိုင်ငံသို့ မြန်မာတိုင်းရင်းသား အစ္စလာမ်ဘာသာဝင်များဖြစ်သော ဟဂျ်ဘုရားဖူးများ သွားရောက်သည့်အခါ တည်းခိုနိုင်ရန် ထိုနိုင်ငံတွင် ဒေါင်းဇရပ်ကြီးတစ်ခုကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ၁၉၈၀ပြည့်နှစ်မှစ၍ နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် မြန်မာတိုင်းရင်းသား အစ္စလာမ်ဘာသာဝင်များအား ဆော်ဒီအာရေဗျနိုင်ငံသို့ နှစ်စဉ် မြန်မာဟာဂျီလောင်းဘုရားဖူးများအဖြစ် စေလွှတ်ပေးခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။ မြန်မာနိုင်ငံ အစိုးရသည် အစ္စလာမ်ဘာသာရေးအဖွဲ့အစည်း (၅)ဖွဲ့ကို တရားဝင်အသိအမှတ်ပြုထားပြီး အစ္စလာမ်ဘာသာရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို သာသနာရေးဝန်ကြီးဌာနက အခါမလပ် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ယင်းဘာသာရေးအဖွဲ့အစည်းများက ဘာသာရေးဆိုင်ရာအကူအညီတောင်းခံပါကလည်း သာသနာရေးဝန်ကြီးဌာနက အကူအညီများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းအပြင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘက္ကရီးအစ်၊ အီဒွလ်အသွဟာနေ့များတွင် ဘာသာရေးအရ ပြုလုပ်ရသော အလှူဒါနကုသိုလ်ရေးကိစ္စများအား အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ဘာသာရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်ကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ပေးမြဲ ဖြစ်သည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘာသာရေးအခမ်းအနားများနှင့် အခါကြီးရက်ကြီးပွဲတော်များ ကျင်းပလျှင်လည်း သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်အားပေးလျက်ရှိနေပါသည်။

လူမျိုးရေး၊ ဘာသာရေးပဋိပက္ခဖြစ်စေရန် ဆူပူအုံကြွလိုသူ အဖျက်အမှောင့်သမားများ၏ သွေးခွဲသပ်လျှိုသည့် နိုင်ငံရေးလုပ်ကြံမှုကြောင့်သာ တစ်ခါတစ်ရံ မလိုလားအပ်သောပြဿနာများ မြန်မာနိုင်ငံ ဒေသအချို့တွင် ပေါ်ပေါက်ခဲ့ပါသည်။ သို့သော်လည်း သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ဘာသာရေး အဖွဲ့အစည်းခေါင်းဆောင်များက ပူးပေါင်းညှိနှိုင်းပြီး အချိန်မီတားဆီးဖြေရှင်းနိုင်ခဲ့သည်သာဖြစ်ပါသည်။ ဘာသာရေးကို နိုင်ငံရေးအရ အမြတ်ထုတ်အသုံးချသည့် ဓမ္မန္တရာယ် နိုင်ငံရေးသမားများ၏ ပယောဂကြောင့် တည်ငြိမ်အေးချမ်းမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် စုစည်းညီညွတ်မှုများမပျက်ပြားရအောင် ဝိုင်းဝန်းပူးပေါင်းကာကွယ်စောင့်ရှောက်လျက်ရှိနေကြပါသည်။

ရှင်းစွာဆိုရလျှင် မြန်မာနိုင်ငံတွင် တိုင်းရင်းသားများ၏ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့် အပြည့်အဝရရှိခံစားရလျက်ရှိပါသည်။ ကိုဆိုဗိုအရေးအခင်း၊ ယူဂိုဆလားဗီးယား အရေးအခင်းနှင့် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအချို့၏ ပြည်တွင်းရေးတွင် အင်အားကြီးနိုင်ငံတစ်နိုင်ငံနှင့် အပေါင်းပါတို့က ဒီမိုကရေစီအကြောင်းပြချက်ဖြင့် ဝင်ရောက်စွက်ဖက် ကျူးကျော်တိုက်ခိုက်ခဲ့ရာမှ မလိုလားအပ်သော ဘာသာရေး၊ လူမျိုးရေးပဋိပက္ခများဖြစ်ပွားခဲ့၊ ဖြစ်ပွားဆဲ အခြေအနေများကြောင့် ဒေသနေပြည်သူတို့၏ အသက်စည်းစိမ်ဥစ္စာများ မည်မျှအတိုင်းအတာအထိ ဆုံးရှုံးနေကြရသည်ကို နိုင်ငံတကာသတင်းများအရ လေ့လာသိရှိနေရပါသည်။ **ထို့ကြောင့်ပင် အစ္စလာမ်ဘာသာဝင်၊ ခရစ်ယန်ဘာသာဝင်၊ ဟိန္ဒူဘာသာဝင်၊ ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားပြည်သူများအနေဖြင့် ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများဖြစ်ပွားစေရန် မည်သူတွေက လုပ်ကြံဖန်တီးပြီး နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနယ်ပယ်များ ချဲ့ထွင်လျက် သြဇာအာဏာထူထောင်နေသည်ကို လေ့လာသိရှိနားလည်စွာ သင်ခန်းစာယူကြရမည်ဖြစ်ပါသည်။**

အထက်ဖော်ပြပါ အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဘာသာရေး၊ လူမျိုးရေးအရ သွေးခွဲသပ်လျှိုမှုများရှိနေကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏ တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် ကျစ်လျစ်ခိုင်မာစွာ ဖြစ်တည်ရှင်သန်လျက်ရှိနေသကဲ့သို့ မြန်မာနိုင်ငံတွင် ဘာသာရေး လွတ်လပ်ခွင့်ရှိနေပါကြောင်း ဆိုရေးရှိလာ ဆိုအပ်စွာသောစကားဖြင့် ပြန်ကြားလိုက်ပါသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၃-၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	အမွေခံထိုက်သူဖြစ်ပါစေ တရားတော်(တတိယပိုင်း) [ဒေါက်အရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည်ဆရာတော်)]
၇း၅၀	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ပုလဲ “Milk Shake” ပြုလုပ်နည်း)
၉း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	နိုင်ငံတကာအနုပညာရေးရာ
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	အနာကြီးရောဂါဆက်လက်ကင်းဝေးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅	မိသားစုတနင်္ဂနွေ (ကမ္ဘာ့အေးစေတီ)
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	ICT CARAVAN 2007 (ကျိုက်ထိုခရီးစဉ်)
၁၁း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀	မိုးလေဝသခန့်မှန်းချက်
၁၁း၂၅	ချည်ခင်ချည်မျှင်ပိတ်စအသွင်
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	အသွင်သစ်ကွန်ကရစ် တည်ဆောက်မှုရင်းမြစ်
၁၂း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅	သဘာဝကပေးသော အရောင်များ
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်း
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	ပွဲကြိုသုံးသပ်ချက် (၁)	5-Sports(Live)
၇း၁၀	Chelsea - Tottenham	5-Sports(Live)
၁၀း၂၅	Blackburn - Man City	5-Sports(Live)
၁၂း၃၀	Plymouth Argyle - Watford	5-Sports(Live)

Serie-A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Inter Milan- AC Milan	5-Series(Live)
၂း၀၀	Roma-Udinese	5-Series(Live)

✳ ကျောဖုံးမှ

ရောက်ရှိကြပြီး ပင်မလေးထပ်ဆောင် ဉပစာ၌ ခင်းကျင်းပြသထားသော ယုဇနကုမ္ပဏီကလှူဒါန်းမည့် လေးယောက်ထိုင်စာသင်ခုံများ၊ လက်တင်ပါ စာသင်ခုံများ၊ စာရေးစားပွဲ၊ဆရာ ဆရာမစားပွဲနှင့် ပလတ်စတစ်ထိုင်ခုံများကို လည်းကောင်း၊ တက္ကသိုလ်ပင်မဆောင်အဝင်နဖူးစည်း၌ မြန်မာ့ရိုးရာ ၁၂လ ရာသီပွဲတော် ဆေးရေးပန်းချီပုံများနှင့်တနင်္သာရီတိုင်း၏ စီးပွားရေး၊ လူမှုရေးနှင့် စပ်လျဉ်းသည့် ပန်းချီပုံများ ရေးဆွဲထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြိတ်တက္ကသိုလ် ပင်မဆောင်အတွင်းနှင့် စာသင်ဆောင်များရှိ Language Lab၌ အသုံးပြုမည့် ပစ္စည်းများနှင့် စာသင်ခုံများထားရှိမှု၊ Conference Room, IT Centre Room နှင့် စာသင်ခန်းများ ပြင်ဆင်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယပါမောက္ခချုပ် ဦးသန်းဆွေ၊ ယုဇနဆောက်လုပ်ရေးမှ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပင်မလေးထပ်ဆောင်ရှိ ဘွဲ့နှင်းသဘင်ခန်းမသို့ရောက်ရှိကြပြီး ခန်းမအတွင်း ပြင်ဆင်ပြီးစီးမှုအခြေအနေ၊ မီးစက်ခန်း၊ ဆရာ၊ ဆရာမများ နားနေခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ ဒုတိယထပ်ရှိစာသင်ခန်းများ၊ မြေညီထပ်ရှိ အဏ္ဏဝါသိပ္ပံပြတိုက်နှင့်ပြခန်း ထားရှိမည့်နေရာပြင်ဆင်ထားမှု၊ သက်သာအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချမည့် ဆိုင်ခန်းနေရာများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အဏ္ဏဝါသိပ္ပံပြတိုက်၌ ရှားပါးထူးဆန်းတွေ့မြင်ရန်ခက်ခဲသည့် ရေသတ္တဝါများ၏ သက်ရှိ၊သက်မဲ့နှင့် အခွံများထားရှိပြသနိုင်ရေး စီစဉ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ ပင်မဆောင်ဒုတိယထပ်ရှိ စာကြည့်တိုက်ထားရှိမည့်ခန်းမဆောင်၌ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ဆရာ၊ ဆရာမများ အားတွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယပါမောက္ခချုပ်က မြိတ်တက္ကသိုလ်၏ သမိုင်းအကျဉ်း၊ ဖွဲ့စည်းပုံ၊ ကျောင်းသားဦးရေ ဖွင့်လှစ်နေသောသင်တန်းများနှင့် မကြာမီ ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပမည့် အစီအစဉ်များကို လည်းကောင်း၊ ယုဇနဆောက်လုပ်ရေးကုမ္ပဏီမှ ဦးဌေးမြင့်က တက္ကသိုလ်တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်က ဒေသအလိုက်တက္ကသိုလ်များဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့ဒေသအတွင်း လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရေးအတွက် ဆရာ၊ ဆရာမများက ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တက္ကသိုလ် စာသင်ဌာနများသည် ပြည်ထောင်စုစိတ်ဓာတ်နှင့်မျိုးချစ်စိတ်ဓာတ် ရှင်သန်လာစေရေးနှင့် ပညာရေးပိုင်းတွင် ယခင်ကထက် တိုးတက်သည်ထက်တိုးတက်အောင် အသွင်သဏ္ဌာန်အားဖြင့် နိုင်ငံတော်က ပြည့်စုံအောင်ဆောင်ရွက်ပေးထားသကဲ့သို့ အနှစ်သာရအားဖြင့်လည်း တကယ်စစ်မှန်သော ပညာတတ်လူရည်ချွန်များ ပေါ်ထွက်လာရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ ဘဝရှေ့ဆောင် မီးရှူးတန်ဆောင်များအဖြစ် ဆရာ၊ ဆရာမများက နိုင်ငံချစ်စိတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်တိုက်တွန်းလိုကြောင်းဖြင့် မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ မြိတ်တက္ကသိုလ်၌ ကျောင်းသားကျောင်းသူ ၃၃၈၂ ဦးတို့သည် အထူးပြုဘာသာရပ် ၁၃ခု၌ ပညာသင်ကြားလျက်ရှိကြပြီး ပင်မအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ ၉၉ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ အဆိုပါ ပင်မလေးထပ်ဆောင်နှင့် သုံးထပ်စာသင်ဆောင်သည် အလျား ၃၈၅ပေ၊ အနံ ၂၈၁ ပေရှိပြီး စာသင်ဆောင်များအပြင် ဦးရေ ၁၂၀၀ ဆံ့ ဘွဲ့နှင်းသဘင်ခန်းမပါရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိကြပြီး ဆေးရုံကြီးရှိ ခွဲစိတ်ခန်းတွင်းတပ်ဆင်ထားသော ခေတ်မီကွန်ပျူတာစနစ်ဖြင့် မေ့ဆေးပေး ကိရိယာများ၊ ခွဲစိတ်ကိရိယာများတပ်ဆင်ပြီးစီး၍ အသုံးပြုနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ ယခင်မြိတ်အထွေထွေ ရောဂါကုဆေးရုံအဟောင်း၊ ယခု မိခင်နှင့်ကလေး ဆေးကုသဆောင်သို့ရောက်ရှိကြပြီး ဆေးသိုလှောင်ခန်း၊ လူနာဆောင်များနှင့် Rainbow Bridge Foundationမှ ဆေးရုံကြီးအထွေထွေမွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ မွေးကင်းစ ကလေးအထူးကြပ်မတ်ဆောင်၌ ဆေးဝါးကုသသည့် ခေတ်မီပစ္စည်းကိရိယာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မိခင်နှင့်ကလေးများ၏ ကျန်းမာရေးကိုဂရုစိုက်စောင့်ရှောက်ကြရန်၊ဤဒေသတွင်အဖြစ်များလျက်ရှိသည့် ကျေးလက်နေပြည်သူများ၏ ငှက်ဖျားအပါအဝင် အခြားရောဂါများ မဖြစ်ပွားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအမြန်ရရှိနိုင်ရန် ဆရာဝန်၊ ဆရာမများက ကျေးလက်အထိ ကွင်းဆင်း၍ ပညာပေးခြင်း ကုသပေးခြင်းများ ဆောင်ရွက်ကြရန်နှင့် ဆေးရုံနှင့်မြို့တွင်းရှိ ဆေးဆိုင်များသည် ကျန်းမာရေးဝန်ကြီးဌာနက ပိတ်ပင်ထားသော ဆေးဝါးအတုများမရောင်းချ မသုံးစွဲစေရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ မွန်းလွဲပိုင်းတွင် မြိတ်မြို့ ပုလဲရတနာခန်းမသို့ ရောက်ရှိကြပြီး တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအားတွေ့ဆုံပြီးအမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်နိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ခိုင်ခိုင်မာမာချမှတ်ပြီး အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုလည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရန်နှင့် နောင်တွင်ကျင့်သုံးမည့် စီမံခန့်ခွဲရေးယန္တရားကိုပါမျှော်မှန်း၍ ပြည်နယ်နှင့်တိုင်းအဆင့်၊ ခရိုင်အဆင့် မြို့နယ်အဆင့်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆင့်ဆင့်တို့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းသာယာမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း အချင်းချင်း စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်မှသည် မျိုးချစ်စိတ်ဓာတ်များ တိုးတက်ဖြစ်ထွန်းပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်အောင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ကဏ္ဍအလိုက်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့တွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှု အားကောင်းပါက ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ပြည်နယ်နှင့်တိုင်းအားလုံးနှင့် နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများကလည်း ယင်းလုပ်ငန်းများ အနှစ်သာရရှိရှိ အကျိုးရှိစေရန် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့ဒေသ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာရန် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့ဆိပ်ငယ်ဖောတံတားမှ ရေယာဉ်ဖြင့် မြိတ်မြို့ဆိပ်ကမ်းရှိ ဆိပ်ခံဖောတံတားများ၊ မြို့သစ်သို့ရွှေ့ပြောင်းနေမှုအခြေအနေ၊ မြစ်ကြောင်းအတွင်း ရေယာဉ်များသွားလာမှု၊ ရေယာဉ်များဆိပ်ခံဖောတံတားများတွင် ဆိုက်ကပ်ရပ်နားမှုအခြေအနေ၊ ကမ်းခြေတစ်လျှောက်သဲသောင်ဖြစ်ထွန်းနေမှု အခြေအနေတို့ကို ဆိပ်ကမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့ ဘုရားလမ်းရှိ စံကျောင်းတိုက်သို့သွားရောက်၍ စံကျောင်းတိုက်ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ လေးကျွန်းဆီမီးစေတီတော်ကြီးသို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ စေတီတော်အား လက်ယာရစ်တစ်ပတ်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ စန္ဒဝတ်တောင်တော်ရှိ မဟာသိဒ္ဓိဇယစေတီတော်သို့ရောက်ရှိကြပြီး ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အားဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး စေတီတော်အား လက်ယာရစ်တစ်ပတ် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

● NLD ပါတီမှ

ဇန်နဝါရီ ၁၅ရက်တွင်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့သည် NLDပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ၊ NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပါဝင်စားမှုမရှိတော့၍ ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက် ဓမ္မဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းကိုယ်စား အဖွဲ့ဝင်များက စာအုပ်၊ ဂျာနယ်မျိုးစုံနှင့် အလှူငွေများကို လှူဒါန်းရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမြစိန်က ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (ပြန်/ဆက်)

ဓမ္မဗိမာန်စာကြည့်တိုက်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၀

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက် ဓမ္မဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို မတ် ၇ ရက်တွင် အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ ရှေးဦးစွာ ဓမ္မဗိမာန်စာကြည့်တိုက် ဩဝါဒဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရွာမပရိယတ္တိစာသင်တိုက်မှ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသက ဩဝါဒမြွက်ကြားပြီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းနှင့် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေတို့က အမှာစကားပြောကြားသည်။ထို့နောက် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမြစိန်က စာကြည့်တိုက်ဖြစ်ပေါ်လာပုံ၊ စာရေးဆရာကြည်နိုင်က စာကြည့်တိုက်ရှိ စာအုပ်စာပေများနှင့် ပတ်သက်ပြီး ဆောင်ရွက်ခဲ့ပုံတို့ကို တင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စာအုပ်နှင့်ဂျာနယ်မျိုးစုံ အုပ်ရေ ၂၀၀နှင့် အလှူငွေကျပ် ၃၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုး–ဒေါ်ခင်မျိုးသူ မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဒေါက်တာ ဒေါ်ခင်ခင်ရီ မိသားစု (ရှိုင်းဟုပ်ကုမ္ပဏီ) က ငွေကျပ် ၁၆သိန်းတန်ဖိုးရှိ စာအုပ်စာတမ်းများ၊ ဇော် ဆောက်လုပ်ရေးမှ ဦးဇော်မျိုးက ငွေကျပ် ၁၁၇၅၀၀ တန်ဖိုးရှိ စာအုပ်စာတမ်းနှင့်ပရိဘောဂများ၊ ဦးဘသန်း–ဒေါ်စွဲ့ခင်မာဝင်း မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဦးစိုင်းဘုန်းထူး–ဒေါ်ဖြူဖြူညွန့် မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဦးလှဌေး–ဒေါ်တင်နွယ်ဦး မိသားစုက ငွေကျပ် ၁၀၀၀၀၊ ဦးအောင်မင်းဟန် – ဒေါ်ခင်လှမြင့် မိသားစုက ငွေကျပ် ၅၀၀၀၊ ဒေါ်ခင်လှဲ့ဝင်း မိသားစုက ငွေကျပ် ၃၀၀၀၊ ဦးကျော်နိုင်မိသားစုက ငွေကျပ် ၂၀၀၀ ဦးသက်ဦး–ဒေါ်စွဲ့လှလှအေး မိသားစုက ငွေကျပ် ၅၀၀၀၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၅၀၀၀၊ အင်းစိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၀၀၀၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာစာကြည့်တိုက်ဥက္ကဋ္ဌက လက်ခံ၍ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

ကြေးမုံ ပြည်တွင်းသတင်းမှတ်စု

အထူးဈေးရောင်းပွဲတော် ရက်တိုးမြှင့်

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၈ရက်မှ မတ် ၁၀ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းအားကစားကွင်း၌ ကျင်းပနေသည်။ အဆိုပါ ဈေးရောင်းပွဲတော်ကို မတ် ၁၄ရက်အထိ ရက်တိုးမြှင့်ကျင်းပသွားမည်ဖြစ်ပြီး စက်မှု(၁)မှထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် လက်လီ၊ လက်ကား ရောင်းချပေးသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

ကျေးရွာစာကြည့်တိုက်လုပ်ငန်းများ ဆွေးနွေး

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာကြည့်တိုက်လုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၁၁ နာရီက ပျဉ်းမနားခရိုင် ပြုံတွင်းကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာ၊ သုခဝိဟာရ ကျောင်းတိုက်ရှိ အလင်းပွင့်စာကြည့်တိုက်တွင် ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာကြည့်တိုက်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

အလားတူ လူသစ်လေးကျေးရွာ၊ ကျောက်ချက်ကျေးရွာ၊ ရွာတော်ကျေးရွာနှင့်ရေဆင်းကျေးရွာတို့တွင် နီးစပ်ရာကျေးရွာအုပ်စုများကို စုစည်း၍ ဆွေးနွေးပွဲ များပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆည်ကြီးတံတား အုတ်ခုံခံကွန်ကရစ်ခင်း

စစ်ကိုင်းတိုင်း ရေဦး–ညောင်လှ–မရကန်လမ်းပေါ်ရှိ ပေ ၉၀ရှည် ဆည်ကြီးတံတားအုတ်ခုံခံ ကွန်ကရစ်ခင်း ပြုပြင်တည်ဆောက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၄ ရက်က ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဒေါ်ဆွေဆွေဝင်းတို့ ကွင်းဆင်းစစ်ဆေးကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြကြောင်းသိရသည်။ (ကြေးမုံ)

❀ **နိုင်ငံတစ်ဝန်းမှ**

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၊ ညီနောင်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အသင်းသားများ၊ ဧည့်သည်များနှင့် ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ UMFCCI Office Tower အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် အဆောက်အအုံဥပစာ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယကအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌ အသင်းချုပ်အဆောက်အအုံအသစ် တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ်၍ UMFCCI Office Tower အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက စက်ခလုတ်နှိပ်၍ UMFCCI Office Tower ရှိ "ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်" စာတန်းနှင့် "The Union of Myanmar Federation of Chambers of Commerce and Industry" စာတန်းတို့ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယကအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အသင်းချုပ်အဆောက်အအုံသစ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အဆောက်အအုံသစ် ဥပစာ၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စက်ခလုတ်နှိပ်၍ UMFCCI Office Tower အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်၊ အသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

အဆိုပါ အသင်းချုပ်အဆောက်အအုံသစ်မှာ Basement Floor တစ်ထပ် ပါဝင်ပြီး ၁၂ ထပ်အဆောက် အအုံဖြစ်သည်။ မြေညီထပ်တွင် ဧည့်ကြိုခန်း၊ ဧည့်ခန်းမဆောင်၊ သင်တန်းပို့ချနိုင်သည့် ခန်းမနှင့် ထုတ်ကုန်ပစ္စည်းများ ပြသခန်းတို့ ပါဝင်သည်။ ပထမထပ်၊ ဒုတိယထပ်နှင့် တတိယထပ်တို့တွင် အသင်းချုပ်၏ ရုံးခန်းများ၊ အစည်းအဝေးခန်းများနှင့် သင်တန်းခန်း ငါးခန်းတို့ ပါဝင်သည်။ လေးထပ်မှ ၁၂ ထပ်အထိတို့တွင် ညီနောင်အဖွဲ့အစည်းများ၏ ရုံးခန်းများနှင့် ကုမ္ပဏီရုံးခန်းများ ဖွင့်လှစ်ရန်တည်ရှိပြီး အကျယ်အဝန်းမှာ ၉၉ ပေ x ၄၅၆ ပေ ဖြစ်သည်။ Basement Floor ၌ ယာဉ်အစီး ၃၅ စီး ရပ်နားရန်နေရာနှင့် ဝင်းအတွင်းရှိ ယာဉ်ရပ်နားရန်နေရာ၌ ယာဉ် ၂၅ စီးတို့ ရပ်နားနိုင်ရန် နေရာများပါရှိကြောင်း သိရှိရသည်။

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ကုန်စည်ပြပွဲ–၂၀၀၇ ဖွင့်ပွဲကို အဆိုပါ အသင်းချုပ် ဝင်းအတွင်း၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်တို့က ဖဲကြိုးဖြတ်၍ ကုန်စည်ပြပွဲ–၂၀၀၇ ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကုန်စည်ပြပွဲ–၂၀၀၇ ၌ ပြသထားသော ညီနောင်အဖွဲ့အစည်းများမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများ၊ ပြည်နယ်နှင့်တိုင်း စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းများမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို နံနက် ၁၀ နာရီတွင် အသင်းချုပ်အဆောက်အအုံ ပထမထပ်ရှိ ခန်းမ၌ကျင်းပရာ ရှေးဦးစွာ သဘာပတိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးဦးတည်ချက် (၄)ရပ်တွင် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးဆိုသည့် ဦးတည်ချက်အောင်မြင်စေရေးကို အဘက်ဘက်က အားပေးကူညီ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အလားတူ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ဦးဆောင်စည်းရုံး ကြီးကြပ်ထိန်းကျောင်းပေးနိုင်ရန်တို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကို ဖွဲ့စည်းပေးထားခြင်းဖြစ်ကြောင်း၊ UMFCCI သည် အစိုးရမဟုတ်သည့် Non-Governmental Organization (NGO) ဖြစ်သည့်အပြင် ပုဂ္ဂလိကစီးပွားရေးကဏ္ဍတွင်လည်း အမြင့်ဆုံးဖြစ်သည်နှင့် အညီ ပုဂ္ဂလိကကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များမှာ စီးပွားရေး တိုးတက်အောင်မြင်စေရန်အတွက် ဦးဆောင်စည်းရုံးခြင်း၊ ကူညီပံ့ပိုးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ထိန်းကျောင်းကြပ်မတ်ခြင်း၊ ရှေ့ဆောင်လမ်းပြခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ကူညီဖြေရှင်းပေးခြင်း စသည့်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည်ကို တွေ့မြင်နေရကြောင်း။

နိုင်ငံတော်၏ မှန်ကန်သည့် ပြည်ပကုန်သွယ်မှု မူဝါဒများ ချမှတ်ပေးနိုင်ခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ဦးဆောင်ကြီးကြပ်ထိန်းကျောင်းမှုနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် ပုဂ္ဂလိကကဏ္ဍ၏ ပြည်ပကုန်သွယ်မှုမှာ အောင်မြင်မှုများ ရရှိနေသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဧကများစွာ ကျန်ရှိနေသေးသည့်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများအနေဖြင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ဖော်ထုတ်ပြီး စိုက်ဧက ပိုမိုတိုးချဲ့စိုက်ပျိုးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လက်ရှိအထွက်နှုန်းထက် ပိုမိုထွက်ရှိလာအောင် လိုအပ်သည့် သွင်းအားစုများကို စနစ်တကျ ထည့်သွင်းပေးခြင်း၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာကို စနစ်တကျ အသုံးပြုစိုက်ပျိုးခြင်း၊ စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်လွန် ကာလများတွင် လေလွင့်ဆုံးရှုံးမှုများ လျော့နည်းအောင် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ အလားတူ ပြည်ပပို့ကုန်ပစ္စည်းများကို ကုန်ကြမ်းအဖြစ်သာမက တန်ဖိုးမြှင့် ကုန်ချောအဆင့်သို့ ရောက်ရှိစေရန် ကြိုးပမ်းထုတ်လုပ်ကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတစ်ဝန်းလုံးတွင် စက်မှုဇုန်ပေါင်း ၁၈ ဇုန်ကို ထူထောင်ပေးထားပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများကိုလည်း ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ စက်မှုဇုန်များကို အထောက်အကူပြုစေရန် အဓိကကျသည့် လျှပ်စစ်စွမ်းအားလိုအပ်ချက်များကိုလည်း အပြည့်အဝ ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စက်မှုလုပ်ငန်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စက်မှုဇုန်များ တည်ထောင်ထားသကဲ့သို့ အထူးဇုန်များကိုလည်း အမြန်ဖြစ်ထွန်းပေါ်ပေါက်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ပြီးခဲ့သည့်နှစ်အတွင်း ဆောင်ရွက်နိုင်မှုအခြေအနေကို ကြည့်လျှင် ပြည်တွင်းလုပ်ငန်းများသာမက ပြည်ပနှင့် ဆက်သွယ်ဆောင်ရွက်မှု အပိုင်းတွင်ပါ အထူးကြိုးပမ်းဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ ယခုနှစ်တွင် အသင်းသားဦးရေ ၁၁၁၈ဦး တိုးတက်လာသည့်အပြင် ညီနောင်အသင်း လေးသင်း ထပ်မံတိုးချဲ့ ဖွဲ့စည်းနိုင်ခဲ့သည်ကို တွေ့ရသည့်အပြင် လိုအပ်သည့် ပြည်နယ်နှင့် တိုင်းများတွင်လည်း အသင်းခွဲများ ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

အလားတူ ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းရှင်များ အကြားတွင် ပေါင်းကူးသဖွယ် တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ ယခုအောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး လာမည့်နှစ်များတွင်လည်း အောင်မြင်မှုများ ပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်၏အမျိုးသားစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာ၌ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက် (၄)ရပ်တွင် ပါဝင်သည့် "နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး" ဆိုသည့် ဦးတည်ချက်အရ အသင်းချုပ်သည် တိုင်းရင်းသား လုပ်ငန်းရှင်များအား ဦးဆောင်ဦးရွက်ပြုနေသည့် အဖွဲ့အစည်း တစ်ရပ်ဖြစ်ကြောင်း။

နိုင်ငံတော်မူဝါဒများ၊ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် အသင်းချုပ်သည် တက်တက်ကြွကြွဖြင့် နိုင်ငံတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတော်အတွက်အရေးပါသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသည်ကို တွေ့ရကြောင်း။

အသင်းချုပ်သည် ပုဂ္ဂလိကကို ကိုယ်စားပြုပြီး ပြည်တွင်းလုပ်ငန်းဆောင်တာများသာမက နိုင်ငံတကာအဖွဲ့ချုပ်များနှင့် ကုန်သွယ်ဆက်ဆံရေး၊ နိုင်ငံတကာဈေးကွက် ထိုးဖောက်ချဲ့ထွင်ရေး လုပ်ငန်းများကိုလည်း အဓိကတာဝန်ယူ ဆောင်ရွက်နေရသည့် အသင်းကြီးဖြစ်ကြောင်း။

အသင်းချုပ်သည် ကုန်သွယ်မှုသာမက စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍက ကုန်ကြမ်းအတိုင်း တင်ပို့ရောင်းချနေခြင်းကို စက်မှုကုန်ချော၊ တန်ဖိုးမြှင့်ထုတ်လုပ်မှု ရာခိုင်နှုန်းတိုးတက်အောင် လုပ်ဆောင်ရင်း ထုတ်ကုန်ပစ္စည်းတိုးတက်အောင် စုစည်းတည်ဆောက် ကူးသန်းရောင်းဝယ်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အစည်းအဝေးသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် နံနက် ၁၁ နာရီတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က အသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၀၆–၂၀၀၇ ခုနှစ်အတွက် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြပြီး အစည်းအဝေး၏ အတည်ပြုချက်ကို ရယူသည်။

ထို့နောက် အသင်းချုပ်ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ နုတ်ထွက်ကြောင်း ကြေညာပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက အသင်းချုပ်၏ ၂၀၀၇–၂၀၀၈ ခုနှစ်နှင့် ၂၀၀၈–၂၀၀၉ ခုနှစ်တို့အတွက် ရွေးချယ်ထားသော အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင် တို့ပါဝင်သော ဗဟိုအလုပ်အမှုဆောင်များ၏ အမည်စာရင်းနှင့် အလုပ်အမှုဆောင်များ၏ အမည်စာရင်းတို့ကို ကြေညာသည်။

ယင်းနောက် သဘာပတိအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လယ်ဝေးမြို့နယ် ရုံးပင်ကြိုးဝိုင်း အတွင်းရှိ ပျဉ်းမနား(တောင်) သစ်ထုတ်လုပ်ရေးဒေသတွင် သစ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

ပျဉ်းမနား(တောင်) သစ်ထုတ်ရေးဒေသ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့တွင် လယ်ဝေးမြို့နယ် ရုံးပင်ကြိုးဝိုင်းအတွင်း ပျဉ်းမနား(တောင်) သစ်ထုတ်ရေးဒေသမှ သစ်ထုတ်နေသည့်နေရာသို့ ရောက်ရှိ၍ သစ်တောကြိုးဝိုင်း အခြေအနေနှင့် ကုမ္ပဏီက သစ်ထုတ်လုပ်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သစ်ထုတ်နေသည့် အရှေ့ရွှေရိုးမကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဒေသမန်နေဂျာတို့အား လိုအပ်သည်များကို ဆွေးနွေးမှာကြားရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် သစ်ထုတ်ရေးဌာနမှ အထွေထွေမန်နေဂျာ ဦးဝင်းလွင်တို့က ဖြည့်စွက်ရှင်းလင်းကြသည်။

ထို့နောက် ဝန်ကြီးသည် ၂၀၀၄ ခုနှစ် ကျွန်းအထူးစိုက်ခင်းဧက ၅၀၀ နှင့် ၁၉၉၈ ခုနှစ် ကျွန်းအထူး စိုက်ခင်းဧက ၅၀၀ တို့ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် ပျဉ်းမနား(တောင်) သစ်ထုတ်ရေးဒေသ အောင်ချမ်းသာသစ်ဆိပ်သို့ ရောက်ရှိ၍ သစ်ဆိပ်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးအား သစ်ဆိပ်ရှင်းလင်းဆောင်တွင် ဒေသမန်နေဂျာ ဦးဝင်းမော်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ မန္တလေးတိုင်း မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁–၃–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၇။ ပမ္မဝတီတံတား(မြင်းကဆိပ်)
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Say it in English.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ Yan Can Cook.
- ၁၁:၅၅ ၅။ **မြန်မာရုပ်ရှင် "အချစ်တစ်ပွဲစစ်ပွဲတစ်ရာ" (ကျော်ဟိန်း၊ ခင်သန်းနု) (ဒါရိုက်တာ–စိန်ဖေတင်)**
- ၂:၀၀ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (သေသပ်လှပညီညာ သရက်ကိုင်းသင်ဖြူးဖျာ)
- ၂:၁၀ ၇။ အတီးပြိုင်ပွဲ
- ၂:၂၀ ၈။ တမာနှင့်ဖိုးနီရေလှောင်တမံ
- ၂:၂၅ ၉။ **"ချစ်သောမြေ ချစ်သောရေ" (ရာဇာနေဝင်း၊ခိုင်နှင်းဝေ) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**
- ၂:၃၅ ၁၀။ စက်မှုထုတ်ကုန် မုံရွာစက်မှုဇုန်
- ၂:၄၅ ၁၁။ International News.
- ၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use.
- ၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**
- ၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၁၅ ၆။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၅ ခုနှစ်)
- ၅:၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ သီရိဂေဟာ
- ၇:၀၀ ၁၁။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (အိမ်အပြန်လက်ဆောင်ကောင်း ပုသိမ်ဟာလဝါအကြောင်း)
- ၇:၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း–၉)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းနှင်းဆီ" (အပိုင်း–၂)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

သံသယဖြစ်ဖွယ်ကြက်ငှက်တုပ်ကွေးရောဂါ H5 N1 အတည်ပြုချက်နှင့်သတိပေးနိုးဆော်ချက်

ရန်ကုန် မတ် ၁၀

၁။ သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါ H5 N1 အတည်ပြုချက်

(က) **သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော မွေးမြူရေးကြက်ခြံနှစ်ခြံ။** ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဥစားကြက်မွေးမြူရေးခြံတစ်ခြံနှင့် လှိုင်သာယာမြို့နယ် ဥစားကြက်မွေးမြူရေးခြံ တစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယတွေ့ရှိသဖြင့် ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ် တားဆီးကာကွယ်ရေးအတွက် သံသယဖြစ်ဖွယ် ကြက်ခြံနှစ်ခြံကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် နှင့် မတ် ၂ရက်နေ့တို့တွင် ဖျက်ဆီးသုတ်သင်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက် ခဲ့ပါကြောင်း။

(ခ) **ကြက်ငှက်တုပ်ကွေးရောဂါပိုး H5 N1 အတည်ပြုချက်။** သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါ ပိုးတွေ့ရှိမှုနှင့်ပတ်သက်၍ ကြက်ခြံရှိကြက်များ၏ သင်္ချာန်လက္ခဏာများ စစ်ဆေးခြင်း၊ ပဏာမ အမြန်ရောဂါစစ်ဆေးခြင်း (Rapid Test)၊ အဆင့်မြင့်ဓာတ်ခွဲစစ်ဆေးခြင်း (PCR)၊ ပိုမိုတိကျသော ဓာတ်ခွဲခန်းစစ်ဆေးခြင်းဖြစ်သော ဗိုင်းရပ်(စ်)ပိုးမျိုးစစ်ဆေးခြင်း နည်းလမ်းများအရ ကြက်ငှက်တုပ်ကွေး ရောဂါ H5 N1 ဗိုင်းရပ်(စ်)ကို ထပ်ဆင့်မှတ်တမ်းတင်နိုင်ပြီး စစ်ဆေးခဲ့သည့်ရောဂါနမူနာများကို စနစ်တကျ မှတ်တမ်းတင်ထိန်းသိမ်းခဲ့ခြင်း၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် FAO နှင့် USAID တို့မှ ကြက်ငှက်တုပ်ကွေးရောဂါ ရှာဖွေစစ်ဆေးရေးကျွမ်းကျင်ပညာရှင်များ၏ ၆-၃-၂၀၀၇ရက်မှ ၉-၃-၂၀၀၇ရက်အထိ ကွင်းဆင်းစစ်ဆေးခြင်း၊ ဓာတ်ခွဲခန်းစစ်ဆေးခြင်းများအရ H5 N1 ကို အတည်ပြုခဲ့ခြင်း၊ လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်အဆင့်ဆင့်နှင့်အညီ မတ် ၁ရက်နှင့် မတ် ၂ရက်တွင် ကြေညာခဲ့သည့် မရမ်းကုန်းကြက်ခြံနှင့် လှိုင်သာယာကြက်ခြံတွင် ဖြစ်ပွားခဲ့သော သံသယကြက်ငှက်တုပ်ကွေးရောဂါ (Suspected Case) ကို H5 N1 ကြက်ငှက်တုပ်ကွေးရောဂါ (Confirmed H5 N1) အဖြစ် အတည်ပြုပါကြောင်း။

၂။ ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်မှုအရေးယူဆောင်ရွက်ချက်။

(က) **ကန့်သတ်ဇုန် (Restricted Zone)။** ရောဂါဖြစ်ကြက်ခြံမှ ၁ ကီလိုမီတာအတွင်းရှိ ရောဂါကျရောက် ကူးစက်နိုင်သည့် တိုင်းရင်းကြက်များကို သုတ်သင်ဖျက်ဆီးခဲ့ကြောင်း (Riskprevention)။

(ခ) **ပိုးသတ်ဆေးဖျန်းခြင်း (Disinfection)။** ရောဂါဖြစ်ကြက်ခြံနှင့် အနီးပတ်ဝန်းကျင်များကို ပိုးသတ်ဆေး နှစ်ကြိမ်ဖျန်းပေးခဲ့ပြီး ရက်သတ္တတစ်ပတ်လျှင်တစ်ကြိမ် ဆက်လက်ပိုးသတ်ဆေးဖျန်းခြင်း ပြုလုပ်သွား မည်ဖြစ်ကြောင်း။

(ဂ) **ရောဂါစူးစမ်းရှာဖွေခြင်း (Surveillance)။** မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်အတွင်း ရောဂါစူးစမ်းရှာဖွေရေးအဖွဲ့ လေးဖွဲ့မှ ကြက်များ၏ ပြင်ပကျန်းမာရေးသင်္ချာန်လက္ခဏာစစ်ဆေး၍ ရောဂါစူးစမ်းခြင်း၊ လိုအပ်လျှင်ရောဂါနမူနာများစု ဆောင်း၍ ဓာတ်ခွဲခန်းစစ်ဆေးခြင်းများ ဆောင်ရွက် လျက်ရှိကြောင်း။

(ဃ) **ဓာတ်ခွဲခန်းစစ်ဆေးခြင်း (Laboratory Diagnosis)။** ကြက်ငှက်သေဆုံးမှုများအတွက် နေ့စဉ် ဓာတ်ခွဲခန်းစစ်ဆေးမှုများအရ (၁၀-၃-၂၀၀၇)ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါမတွေ့ရှိရကြောင်း။

(င) **ရောဂါထိန်းချုပ်ဇုန် (Controlled Zone)။** ကြက်ဘဲနှင့် ကြက်ဘဲထွက်ပစ္စည်းများ ရွှေ့ပြောင်း သယ်ယူပို့ဆောင်မှုကန့်သတ်ခြင်း (Movement Control)၊ ကြက်ဘဲဈေးများ ယာယီပိတ်ပင်ခြင်း၊ ရောဂါစူးစမ်းရှာဖွေရေး အဖွဲ့လေးဖွဲ့မှ ကြက်ဘဲများ၏ ပြင်ပကျန်းမာရေးသင်္ချာန်လက္ခဏာစစ်ဆေး၍ ရောဂါစူးစမ်းရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်း။

(စ) **လူထုပညာပေးလုပ်ငန်း (Public Awareness)။** ပြည်သူလူထု၊ မွေးမြူသူများ၊ စားသုံးသူများအား ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ ပိုစတာ ၁၁ မျိုး၊ စောင်ရေ ၁၀ သိန်း၊ လက်ကမ်းစာစောင် နှစ်မျိုး၊ စောင်ရေ နှစ်သိန်း ၊ လက်အိတ် သုံးသိန်း၊ နှာခေါင်းစည်း သုံးသိန်း၊ ဆပ်ပြာ ခြောက်သိန်းကို UNICEF ၏ အသိပညာပေးအစီအစဉ် (IEC) ဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ပညာရေးဌာနတို့မှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုပညာပေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း။

(ဆ) **ရောဂါထိန်းချုပ်ရေးကာလ (Control Period)။** ရောဂါထိန်းချုပ်ရေး မြို့နယ်များအတွင်း ရောဂါ စူးစမ်းရှာဖွေခြင်း၊ ပိုးသတ်ဆေးပက်ဖျန်းခြင်း၊ ကြက်နှင့် ကြက်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်မှု များနှင့် ကြက်ဘဲဈေးများ ပိတ်ပင်တားမြစ်ခြင်းကို နောက်ဆုံးရောဂါဖြစ်သည့်ရက်မှ ၂၁ရက်ကြာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၃။ တိရစ္ဆာန်ကျန်းမာရေးသတိရှိရေး

(က) **ရောဂါထိန်းချုပ်မှုထိရောက်ရေး (Effective Control) ။** ရောဂါထိန်းချုပ်မြို့နယ်များဖြစ်သော မရမ်းကုန်း၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ လှိုင်သာယာမြို့နယ်များအတွင်း မွေးမြူရေးကြက်ခြံများ၏ ဇီဝလုံခြုံမှုတိုးမြှင့်ရေး၊ မြို့နယ်များအတွင်း ကြက်နှင့် ကြက်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူ ပို့ဆောင်မှုနှင့် ရောင်းချမှု ကန့်သတ်ချက်အား အထူးအလေးထား၍ လိုက်နာဆောင်ရွက်ရန်။

(ခ) **ပူးပေါင်းဆောင်ရွက်ရေး။** ရောဂါထိန်းချုပ်မြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ဇီဝလုံခြုံရေး၊ ပြည်သူလူထုကျန်းမာရေးနှင့် ကြက်နှင့် ကြက်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူ ပို့ဆောင်မှုနှင့်ရောင်းချမှု ကန့်သတ်ချက်များအား တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဒေသအာဏာပိုင် အဖွဲ့အစည်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ကြပါရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဘူးသီးတောင်၌ မီးလောင်

ရန်ကုန် မတ် ၁၀

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ (၄)ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ မတ် ၉ရက် ညနေ ၃နာရီခွဲခန့်တွင် မီးစက်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ လူနေအိမ်ခုနစ်လုံး၊ ဆိုင်ခန်း ၁၃ ခန်း မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၅၆ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသဖြင့် ရပ်ကွက်အတွင်း နေရာချထားပေးပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်အထောက်အပံ့လုပ်ငန်းစီမံကိန်း သဘောတူလက်မှတ်ရေးထိုး

ရန်ကုန် မတ် ၁၀

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်အထောက်အပံ့လုပ်ငန်းစီမံကိန်း (Immediate technical assistance to strengthen emergency preparedness for Highly Pathogenic Avian Influenza) သဘောတူလက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Tang Zhengping နှင့် အဖွဲ့ဝင်များ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်အတွက် အရေးပေါ် အထောက်အပံ့လုပ်ငန်းစီမံကိန်း သဘောတူလက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

အဆိုပါ အရေးပေါ် အထောက်အပံ့လုပ်ငန်း စီမံကိန်းကို အမေရိကန်နိုင်ငံ USAID အဖွဲ့အစည်းက ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှတစ်ဆင့် မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ခြောက်သိန်းနှင့်ညီမျှသော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို ထောက်ပံ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Canon Club Myanmar ဖွင့်ပွဲနှင့် ကင်မရာ အမျိုးအစားသစ်မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၀

Accel International Co., Ltd က ကြီးမှူးကျင်းပသည့် Canon Club Myanmar ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း တောင်ဘက်တန်း အမှတ်(၇/၁၁)ရှိ Canon Club Myanmar ၌ ကျင်းပသည်။

အခမ်းအနားတွင် Accel International Co., Ltd မှ Managing Director Mr. Alvin Law နှင့် Canon Singapore Pte., Ltd. မှ Marketing Manager Mr. Joe Matsumoto တို့က Canon Club Myanmar ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသော ဧည့်သည်များက Canon Club Myanmar အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် Canon Digital Camera အမျိုးအစားသစ် မိတ်ဆက်ပွဲနှင့် သရုပ်ပြရှင်းလင်းပွဲကို ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ Accel International Co., Ltd မှ Managing Director Mr. Alvin Law **(အောက်ပုံ)**နှင့် Canon Singapore Pte., Ltd. မှ Marketing Manager Mr. Joe Matsumoto တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် Canon Singapore Pte., Ltd. မှ Mr. Roland Poon က Canon Digital SLR Camera EOS-1D Mark III အကြောင်းကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြပြီး ဂူရှူးနှင့် ပိုက်ကျော်ခြင်း လက်ရွေးစင် အားကစားသမားများ၏ သရုပ်ပြသမှုကို လက်တွေ့ဓာတ်ပုံရိုက်ကူးပြသသည်။

Canon Club Myanmar သည် Canon Digital SLR Camera များကို ဝယ်ယူသုံးစွဲသူများအတွက် သီးသန့်ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ Canon Club ၌ အသင်းဝင်အဖြစ် လျှောက်ထားလိုသူများသည် Canon အမျိုးအစား Digital SLR Camera တစ်လုံးနှင့် Lens တစ်ခုကိုင်ဆောင် အသုံးပြုသူ ဖြစ်ရမည်ဖြစ်သည်။

Canon Professional EOS အမျိုးအစား Canon Digital SLR Camera EOS-1 D Mark III သည် Mega Pixel 10-1 CEMOS Sensor ရရှိနိုင်ခြင်းနှင့် Imaging Processors Digic III ဖြစ်သည့်အတွက် တစ်စက္ကန့်တွင် ၁၀ပုံ အဆက်မပြတ် ရိုက်ကူးနိုင်ခြင်းတို့ကြောင့် ဓာတ်ပုံပညာရှင်များနှင့် ဓာတ်ပုံလုပ်ငန်းရှင်များ စိတ်ကြိုက်တွေ့မည့် ဈေးနှုန်းသင့်လျော်သော Camera အမျိုးအစားဖြစ်သည်။

Canon အမျိုးအစား Digital Camera အမျိုးမျိုးတို့ကို Canon အရောင်းပြခန်း ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း တောင်ဘက်တန်း အမှတ်(၇/၁၁) ဖုန်း-၂၄၃၀၃၆၊ ၂၄၃၀၃၈ တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နွေရာသီ ယဉ်ကျေးမှု သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၀

မူလတန်း၊ အလယ်တန်းဖြေဆိုပြီးသော ကျောင်းသား၊ ကျောင်းသူများအတွက် ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အခြေခံအင်္ဂလိပ်စာ၊ တရုတ်စာ စကားပြောသင်တန်းများကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အရှေ့ဥယျာဉ်တိုက် မနောရမ္မပညာဒါနကျောင်း၌ မတ် ၁၄ ရက်တွင် ဓမ္မဒါနအခမဲ့ သင်ကြားဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများအတွက် အုပ်ထိန်းသူများသည် ဖုန်း-၅၃၇၀၂၆၊ ၅၁၈၀၂၄ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အလုံဓာတ်အားပေးစက်ရုံ စစ်ဆေး

ရန်ကုန် မတ် ၁၀

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၉ရက်တွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်မောင်စိုး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အလုံဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ ရှင်းလင်းခန်းမ၌ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ ဓာတ်အားထုတ်လုပ်ရေးဌာန ဒုတိယ အင်ဂျင်နီယာချုပ် ဦးညွှန့်အောင်က စက်များ စွမ်းအားပြည့်လည်ပတ်နိုင်ရေး လိုအပ်ချက်များကို လက်တွေ့လေ့လာတွေ့ရှိချက်များ ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး စက်ရုံမှူး ဦးသန်းနိုင်ဦးက စက်များ လည်ပတ်မောင်းနှင်မှုအခြေအနေ၊ သဘာဝဓာတ်ငွေ့ရရှိမှု အခြေအနေများနှင့် Boiler အမှတ်(၃)အား ပြုပြင်ပြီးစီးမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လုပ်ငန်းများကို အလေးထား ဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားသည်။

ကြိုတင်ပြင်ဆင်

ယင်းနောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးက ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဓာတ်အားပေးစက်ရုံလေးရုံ၏ ကမ်းလွန်သဘာဝဓာတ်ငွေ့နှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ ရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သဘာဝဓာတ်ငွေ့ရရှိမှုနှင့် စက်များမောင်းနှင်မှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဖြစ်စေလိုကြောင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ သဘာဝဓာတ်ငွေ့ရရှိမှုအပေါ် မူတည်ပြီး စက်များလည်ပတ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ စီစဉ်ဆောင်ရွက်ထားစေလိုကြောင်းပြောကြားပြီး တာဝန်ရှိသူများက Boiler အမှတ်(၁)စက်ကို Tubeများအစားထိုးတပ်ဆင်လဲလှယ်ပြီးနောက် Tubeအတွင်း ရေဝင်ရောက်မှုနှင့် ရေနွေးငွေ့အဖြစ် ပြောင်းလဲသွားမှုတို့ကို အဆင့်ဆင့်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အလုံဓာတ်အားပေးစက်ရုံ၏ Control Roomအတွင်းရောက်ရှိရာ ဝန်ထမ်းများတာဝန်ထမ်းဆောင်မှုအခြေအနေများ၊ စက်ရုံဝင်းအတွင်း စက်များလည်ပတ်မောင်းနှင်မှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အလုံဓာတ်အားပေးစက်ရုံတွင် စက်များ စွမ်းအားပြည့် လည်ပတ်နိုင်ရန် ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ရွှေစာရံဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

မန္တလေး မတ် ၁၀

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့မှကြီးမှူး၍ ၂၀၀၇ခုနှစ် Shwe Sar Yan KM Golf Open Championship ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက် ၇နာရီခွဲတွင် မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

တတိယနေ့(၁၈)ကျင်းပြိုင်ပွဲ အပြီးတွင် Professional Golfer ပြိုင်ပွဲ၌ စိုးကျော်နိုင်က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ပြီး ၆၉+၆၈+၇၁= ၂၀၈ ချက်နှင့် မင်းနိုင်က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး ၇၁+၆၉+၆၈ = ၂၀၈ ဖြင့် ပူးတွဲပထမနေရာမှ ဦးဆောင်ကစားလျက်ရှိသည်။ သိန်းဇော်မြင့် (KM) က ၂၁၁ချက်ဖြင့် ဒုတိယလိုက်နေသည်။

Amature Golfer ပြိုင်ပွဲ၌ အောင်ဝင်း(မုံရွာ)က သတ်မှတ် ရိုက်ချက်ထက် တစ်ချက်လျော့၍ ၇၁+၇၁+၇၁= ၂၁၃ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ စိုးမိုးဝင်းနှင့် ဘိုဘိုတို့က ၂၁၉ ချက်ဖြင့် ပူးတွဲဒုတိယလိုက်နေကြသည်။

(၄၆၉)

ဘရူနိုင်းဘုရင့်ဖလား လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်း ဗိုလ်လုပွဲသို့တက်ရောက်

ရန်ကုန် မတ် ၁၀

၂၀၀၇ခုနှစ် တတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလားအသက် (၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ (Hassanal Bolkiah Trophy For U-21 ASEAN Youth Football Championship 2007)ကို ယနေ့ဒေသစံတော်ချိန် ည ၁၀နာရီတွင် ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီ ဘဂဝမ်မြို့ (Stadium Negara Hassanal Bilkiah) ၌ ဆက်လက်ကျင်းပရာ မြန်မာလူငယ် ဘောလုံးအသင်းက အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ပြိုင်ပွဲ၏ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့် မလေးရှားလူငယ် လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းက နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မြန်မာလူငယ်ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၂၁မိနစ်တွင် အောင်မျိုးသန့်နှင့် ၂၇မိနစ်တွင် စည်သူသန်းက သွင်းယူပေးခဲ့သည်။

ယင်းပြိုင်ပွဲ၏ ပထမအကြိုဗိုလ်လုပွဲအဖြစ် ထိုင်းလူငယ်ဘောလုံးအသင်းနှင့် ကမ္ဘောဒီးယားလူငယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းလူငယ်ဘောလုံးအသင်းက ၁၀ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသွား သည်။

ဗိုလ်လုပွဲကို မတ် ၁၂ရက် ဒေသစံတော်ချိန် ည ၈နာရီ ၁၅မိနစ်တွင် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းနှင့် ထိုင်းလူငယ်လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်တာနက် အားကစားသတင်းများ

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ် ထုတ်ပြန်

လန်ဒန် မတ် ၁၀

ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်ကို မတ် ၉ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်

လီဗာပူးနှင့်ပီအက်စ်ဗွီ အိုင်ဟိုဗင်
ချယ်လ်ဆီးနှင့်ဗလင်စီယာ
မန်ချက်စတာယူနိုက်တက်နှင့်အေအက်စ်ရိုးမား
အေစီမီလန်နှင့်ဘေယန်မြူးနစ်

ဂရိနိုင်ငံ အေသင်မြို့တွင် ထုတ်ပြန်ကြေညာလိုက်သည့် ပွဲစဉ်အရ အင်္ဂလန်အသင်း သုံးသင်းစလုံး ကွာတားဖိုင်နယ်အဆင့်တွင် အချင်းချင်း တွေ့ဆုံခြင်း မရှိမှုမှာ ၎င်းတို့အတွက် အကြိုဗိုလ်လုပွဲ အဆင့်သို့ ဆက်လက်တက်လှမ်းရန်အားသာချက် ဖြစ်စေနိုင်သည်။

ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်ကို ဧပြီ၃၊ ၄ရက်မှ ဧပြီ၁၀၊ ၁၁ရက်အထိ ကျင်းပမည်ဖြစ်ပြီး နှစ်ကျော့ကစားရမည်ဖြစ်သည်။

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၃ရက်တွင် ဂရိနိုင်ငံ အေသင်မြို့၌ ကျင်းပမည်ဖြစ်သည်။ ***အင်တာနက်***

မတ် ၉ရက်က ဂရိနိုင်ငံ အေသင်မြို့တွင် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ် ထုတ်ဖော်မကြေညာမီ ဘာစီလိုနာအသင်းမှ ပြင်သစ်ဘောလုံးသမား လူဒိုဗစ်ဂူလီက ချန်ပီယံလိဂ်ဆုဖလားကြီးကို လွှဲပြောင်းပေးအပ်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖေဖော်ဝါရီ ၂၄ရက်က ရက်ဖီးအသင်းနှင့်ယှဉ်ပြိုင်ကစားသည့်ပွဲ၌ နှာခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူ ပီတာခရပ်ချ်။ *(ဓာတ်ပုံ-အင်တာနက်)*

လီဗာပူး တိုက်စစ်မှူး ပီတာခရပ်ချ် ယူရိုခြေစစ်ပွဲများနှင့် ဝေးကွာမည်

လီဗာပူး မတ် ၁၀

လီဗာပူးအသင်း၏ တိုက်စစ်မှူး ပီတာခရပ်ချ်သည် နှာခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းအတွက် သောကြာနေ့က ခွဲစိတ်ကုသမှုခံယူခဲ့ရကြောင်း ယနေ့အင်တာနက် သတင်းတွင် ဖော်ပြသည်။

ပီတာခရပ်ချ်သည် ပြန်လည်နာလန်ထူလာရန် အချိန်ယူရမည်ဖြစ်သဖြင့် ယူရို ၂၀၀၈ဘောလုံးပြိုင်ပွဲအတွက် အစ္စရေးနှင့် အင်ဒိုရာအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည့် ခြေစစ်ပွဲများ၌ ပါဝင်ကစားနိုင်တော့မည်မဟုတ်ပေ။

ပီတာခရပ်ချ်သည် ဖေဖော်ဝါရီ ၂၄ရက်က ရက်ဖီးယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ပွဲအတွင်း ရက်ဖီးအသင်းမှ ရော့ဟပ်စ်က ၎င်း၏ မျက်နှာကို မတော်တဆကန်ကျောက်မိရာမှ နှာခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ပီတာခရပ်ချ်သည် ဧပြီလအတွင်း ဘောလုံးပြန်လည်ကစားနိုင်မည်ဟု မျှော်လင့်ထားသည်။

အင်တာနက်

အင်္ဂလန်အသင်း တစ်သင်းသင်း ချန်ပီယံလိဂ်တွင် အောင်ပွဲခံနိုင်

လန်ဒန် မတ် ၁၀

လက်ရှိဘောလုံးရာသီ၏ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်အသင်း တစ်သင်းသင်း အောင်ပွဲခံမည်ဟု မိမိမျှော်လင့်ကြောင်း အာဆင်နယ်အသင်း၏ နည်းပြ အာဆင်ဝင်းဂါးက ယနေ့ပြောကြားသည်။

အာဆင်နယ် အသင်းသည် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် အရေးမလှခဲ့ပေ။ သို့ရာတွင် မန်ချက်စတာယူနိုက်တက်၊ ချယ်လ်ဆီးနှင့် လီဗာပူးအသင်းတို့အနက် တစ်သင်းသင်းသည် မေလအတွင်း ကျင်းပမည့် ဗိုလ်လုပွဲတွင် အောင်ပွဲခံမည်ဟု မိမိမျှော်လင့်ကြောင်း အာဆင်ဝင်းဂါးက ပြောကြားသည်။

အာဆင်နယ် အသင်းသည် လွန်ခဲ့သည့် ဘောလုံးရာသီက ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်အထိ တက်လှမ်းနိုင်ခဲ့သည်။ သို့ရာတွင် ဗိုလ်လုပွဲ အဆင့်၌ ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့သည်။

ဥရောပတွင် လွှမ်းမိုးထားနိုင်သည့် ဘောလုံးကလပ်အသင်းဟူ၍ မရှိကြောင်း၊ အင်္ဂလန်အသင်းများသည် ချန်ပီယံလိဂ် ဆုဖလားရရှိရန် အလားအလာများ ကောင်းမွန်လျက်ရှိကြောင်း အာဆင်ဝင်းဂါးက ပြောကြားသည်။

အင်တာနက်

အသင်းအဖွဲ့ စိတ်ဓာတ်အားနည်းမှု တိုက်စစ်မှူး ဂတ်ဂျွန်ဆင် ထောက်ပြ

မဒရစ် မတ် ၁၀

မိမိ၏အသင်းသည် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းကိုအနိုင် မရခြင်းမှာ အသင်းအဖွဲ့စိတ်ဓာတ်အားနည်းမှုကြောင့်ဖြစ်သည်ဟု ယူဆမိကြောင်း ဘာစီလိုနာအသင်းတိုက်စစ်မှူး အီဒူးဂတ်ဂျွန်ဆင်က ယနေ့ပြောကြားလိုက်သည်။

ဘာစီလိုနာအသင်းသည် လီဗာပူးအသင်းထက် စွမ်းရည်ပိုမိုကောင်းမွန်သည်ဟု ယူဆနိုင်သော်လည်း စိတ်ဓာတ်ရေးရာအရ အားနည်းမည်ဆိုပါက အောင်မြင်မှုမရနိုင်ကြောင်း ချယ်လ်ဆီးဘောလုံးသမားဟောင်း ဂတ်ဂျွန်ဆင်က စပိန်မီဒီယာသို့ပြောကြားသည်။

အင်တာနက်

ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား ပူဇော်

ရန်ကုန် မတ် ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၇)ဖြင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့နှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသည့် ဒီပဲယင်းမြို့နယ်ဖွား ဆရာတော်ခြောက်ပါးနှင့် စာအောင်ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့အား ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်) မိသားစုများက ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို မတ် ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ပရိသတ်များက မန္တလေးမြို့ ရေပန်းကျောင်းတိုက်ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇာနိယာဘိသီရိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူရှင်များက ဆရာတော်သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးနှင့် စာအောင်ပုဂ္ဂိုလ်များ၏ ထေရုပ္ပတ္တိများကို ဖတ်ကြားလျှောက်ထားပြီး ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဒေါက်တာဦးလှဖေက အခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ ရန်ကုန်မြို့ ငါးထပ်ကြီးကျောင်းတိုက်ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဒီဃဘာဏက ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါယမက သာရဏီယဩဝါဒကထာနှင့် ရေစက်ချတရားတော်များ ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ (၁၀-၃-၂၀၀၇)

အောင်လံ ၃၇ ဒီဂရီ စင်တီဂရိတ် (၉၈ ဒီဂရီ ဖာရင်ဟိုက်)
ရန်ကုန် ၃၅ ဒီဂရီ စင်တီဂရိတ် (၉၆ ဒီဂရီ ဖာရင်ဟိုက်)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်ကျော်စွာလွင် [၁၂/လမန(နိုင်)၀၀၈၄၉၆] သည် မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ [နောက်နောင်ငွေရေးကြေးရေး ပတ်သက်သော ကိစ္စအ၀၀ကို (လုံး၀) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။]

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မိခင်-ဒေါ်ရင်ရင်မေ

မတ် ၆ ရက်က ဒေါပုံမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာထိန်းသိမ်းစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော သီတဂူ (ရေအလှူတော်) အထူးတရားပွဲ၌ မတည်အလှူရှင် ဦးညွန့်ဦး (တောင်ဒဂုံစက်မှုဇုန်-၃) မိသားစုက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရထံ ငွေကျပ် ၈၃၀၀၀၀ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံဆံတော်ရှင်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် မတ် ၈ ရက်က အလှူရှင် မော်လမြိုင်မြို့ မြိုင်သာယာ ၄လမ်းနေ ဦးကျော်သိန်း-ဒေါ်စိုးစိုးရီ၊ သား-ရဲပြည့်ဖြိုး၊ စိုးပြည့်ဖြိုးတို့က ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၂၅၇)

မန္တလေးအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၀

မန္တလေးအသင်း(ရန်ကုန်)၏ အကြိမ်(၃၀)မြောက်နှစ်ပတ်လည်အစည်းအဝေး၊ (၃၁)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်က ချီးမြှင့်သည့်ဘွဲ့တံဆိပ်ရရှိသည့်အသင်းဝင်များအားဂုဏ်ပြုပွဲနှင့် မန္တလေးချမ်းသာကြီးဆန်လှူအသင်းသို့ ဆွမ်းဆန်တော်အလှူငွေ ပေးအပ်လှူဒါန်းပွဲကို မတ် ၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ မန္တလေးအသင်း(ရန်ကုန်)၌ ကျင်းပမည်ဖြစ်သည်။

ပညာရည်ချွန်ဆုရရှိသည့်အသင်းဝင်သားသမီးများနှင့် ဘွဲ့တံဆိပ်ရရှိသည့် အသင်းဝင်များသည်မန္တလေးအသင်း(ရန်ကုန်)ဖုန်း-၃၈၈၆၀၃ သို့ဆက်သွယ်ကြရန်နှင့် နှစ်ပတ်လည်အစည်းအဝေးသို့ မန္တလေးအသင်းသား အသင်းသူများတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကိုးဘွဲ့ရဆရာတော် ကလေးအထူးတရားပွဲ

ရန်ကုန် မတ် ၁၀

နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ အရှင်အာစာရာလင်္ကာရသည် မတ် ၁၂၊ ၁၃ရက် ညနေ ၄နာရီတွင် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် မလွန်ဆန်လှူအသင်း ဇောတိက ဓမ္မာရုံတော်တွင် ကလေးသူငယ်များ ယဉ်ကျေးလိမ္မာ အထူးတရားပွဲ၊ ၁၃ ရက် နံနက် ၈ နာရီတွင် ငှက်အော်စမ်းကျေးရွာလူငယ်သင်တန်းကျောင်းတွင် ကလေးသူငယ်ယဉ်ကျေးလိမ္မာတရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်းနှင့် ညစဉ် ၈ နာရီတွင် ကော့မှူးမြို့နယ် မလွန်ဆန်လှူအသင်း ဇောတိက ဓမ္မာရုံတော်တွင် မလွန်ဆွမ်းဆန်တော် ရေစက်ချတရားတော်များ ချီးမြှင့်တော် မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက်ရန်ကုန်မြို့လှိုင်မြို့နယ် ၄ရပ်ကွက် အေးရိပ်မွန်(၁)လမ်းနေ ဦးဝင်းလှိုင်-ဒေါ်ဌေးဌေးဝင်း မိသားစုက ငွေကျပ် ၅၀၀၀၀၀ကို ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ် မြေနီကုန်း၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းပဓာန နာယက ဦးဆောင်နာယက၊ ဩဝါဒါစရိယ-ဗုဒ္ဓဂယာ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နေပြည်တော်လမ်းညွှန် (The Map of Naypyitaw)

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နေပြည်တော်အတွင်းရှိ ရုံးများ၊ အိမ်ရာများ၊ အဆင့်မြင့်ဈေးများ၊ မြို့မဈေး၊ သပြေကုန်းဈေး၊ အဝေးပြေးယာဉ်ရပ်နားစခန်းများ၊ ဟိုတယ်များ၊ ဘဏ်များ၊ အဆင့်မြင့်ဂေါက်ကွင်းများနှင့်ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များ၏ အချက်အချာကျသောနေရာများ ဖော်ပြထားသည့် နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်အား ၁၅-၂-၂၀၀၇ ရက်နေ့မှစ၍ ထုတ်ဝေရောင်းချနေပြီဖြစ်ပါသည်။ နေပြည်တော် လမ်းညွှန်မြေပုံစာအုပ် (The Map of Naypyitaw) စာအုပ်တစ်အုပ်လျှင် ၂၅၀၀ိ/-နှုန်းဖြင့် အောက်ပါဌာနများတွင် ဆက်သွယ်မှာယူနိုင်ပါသည်-

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ကော်မတီရုံး - ၀၆၇-၄၁၄၅၉၂၊
စီမံရေးရာဌာန - ၀၆၇-၄၁၄၂၈၉။

"Bring the best to your child during this Summer!"

- အင်္ဂလိပ်စာအထူးပြုသင်ကြားမှု
- ကွန်ပျူတာသင်ခန်းစာ
- ကျိုးကြောင်းဆင်ခြင်တွေးခေါ်တတ်မှုစွမ်းရည်
- ခေါင်းဆောင်နိုင်မှုစွမ်းရည်
- နိုင်ငံတကာအဆင့် Camp များ
- ပန်းချီ အနုပညာ တေးဂီတနှင့် အက
- အားကစားလှုပ်ရှားမှုများ
- ပြည်တွင်း ပြည်ပလေ့လာရေးခရီးများ

For ages 3 years and above

Tel: 296552 293754
526456 557448 ext 849
524599 501976

TOTAL
SUMMER SCHOOL
between March through May 2007
ကျောင်းအပ်လက်ခံနေပါပြီ။

TOTAL Learning Academy
TOTAL Kids School
Scientific Learning

စီထွာ
SETRA
DIGITAL WEIGHING SCALE
"Smart Choice for Smart Business"

အမှတ် (၁၆၅)၊ သီရိမွန် (၁၀)လမ်း၊
ဘုရင့်နောင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 01-683230, 01-727375, 09-5016243



စိန်ချိန်သောစက်မှ ကားချိန်သော ကတ္တားအထိ ဝန်ဆောင်မှုအပြည့်ဖြင့် ရောင်းချပေးနေပါသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှု ကြည့်ရှု ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြား မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ခေတ်မီကိရိယာများ တပ်ဆင်အသုံးပြုမှု စစ်ဆေး

နေပြည်တော် မတ် ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် တနင်္သာရီတိုင်း မြိတ်မြို့သို့ ရောက်ရှိရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးနှင့် တပ်မတော် အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များ လိုက်ပါလျက် မြိတ်တက္ကသိုလ်သို့

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်တက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတစ်ဝန်း စက်မှုဇုန် ၁၈ ဇုန် ထူထောင်ပေးပြီး ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးနေ လျှပ်စစ်စွမ်းအားလိုအပ်ချက် အပြည့်အဝဖြည့်ဆည်းရန် စီစဉ်ထား

ရန်ကုန် မတ် ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ကျင်းပသည့် UMFCCI Office Tower အဆောက်အအုံသစ်ဖွင့်ပွဲ၊ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး၊ ကုန်စည်ပြပွဲနှင့် ဟောပြောဆွေးနွေးပွဲများ ဖွင့်ပွဲအခမ်းအနားတို့သို့ တက်ရောက်ပြီး စက်ခလုတ်နှိပ်၍ ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးကာ အမှာစကား ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❋

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ UMFCCI Office Tower အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသထားသော ကျောက်စိမ်းအတွဲများအား ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။

(သတင်း-၃) (သတင်းစဉ်)

NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပါဝင်စားမှုမရှိ ဒီပဲယင်းမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့မှ ပါတီဝင် ၁၄ ဦး နုတ်ထွက်

ရန်ကုန် မတ် ၁၀

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်တစ်ဦးဖြစ်သော ပရတန်ကျေးရွာမှ ဦးပြားသည် ဇန်နဝါရီ ၁၂ ရက်တွင်လည်းကောင်း၊ စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ပဒူကျေးရွာမှ ဒုတိယဥက္ကဋ္ဌ ဦးလှချစ်နှင့် အဖွဲ့ဝင် ဦးခင်မောင်ဆွေ၊ ဦးကောင်းညွန့်၊ ဦးမောင်မောင်စိုး၊ ဦးမြင့်သန်းတို့ အပါအဝင် ပါတီဝင် ၁၀ ဦးသည် ဇန်နဝါရီ ၁၈ ရက်တွင်လည်းကောင်း၊ ကျောင်းဖြူကျေးရွာမှ စည်းရုံးရေးမှူး ဦးသန်းအောင်၊ ဦးဇော်ဝင်းလေး၊ ဦးစောမြင့်တို့ သုံးဦးသည်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●